# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com
- အတွဲ(၁၆)၊ အမှတ်(၁၆၆)
- ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ကြာသပတေးနေ့


# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၃၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက်၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုများ**

**စာမျက်နှာ ၇ ကော်လံ ၁ ⊃**

# လေဖိအားနည်းရပ်ဝန်း မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၃၀

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်(Mizoram)တို့ကို ဖြတ်ကျော်ခဲ့သော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် (Mizoram)တို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) အဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်သည်။ (မိုး/ဇလ)

# ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)ဝင်ရောက်ခဲ့သည့်လမ်းကြောင်းနှင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်နေရာဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃၀

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်များ ရေးဆွဲကာ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိ၍ သဘာဝဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီ

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ထားဝယ်မြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

## ယနေ့ဖတ်စရာ


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ** စာ - ၅ သို့

**စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ဘက်စုံအကျိုးများစေဖို့ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကြစို့** ဆောင်းပါး စာ - ၁၂ သို့


# (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်

နေပြည်တော် စက်တင်ဘာ ၃၀

(၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၈ ရက်မှ ၁၇ ရက်အထိ ၁၀ ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင်နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ(ဒုတိယအကြိမ်) အစည်းအဝေးမှ သိရသည်။

ထို့ပြင် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲ ၇၀၀၊ ကျောက်မျက်အတွဲ ၁၆၀ နှင့် ကျောက်စိမ်း(အေ)အုပ်စု အတွဲ ၃၅၀၊ (ဘီ)အုပ်စု ၁၂၅၅ တွဲ၊

**စာမျက်နှာ ၁၁ ကော်လံ ၁ ❖**

# ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ မြေပဲဧက ၂၅၀၀ ကျော် စိုက်ပျိုးရန်လျာထားဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲဧက ၂၅၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေး

**စာမျက်နှာ ၁၁ ကော်လံ ၁ ●**



## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်

# နိုင်ငံနှင့်ပြည်သူများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အစိုးရကချမှတ်ထားသောဦးတည်ချက်များ၊ မူဝါဒများ အောင်မြင်စေရေးအတွက် အထက်ကပေးအပ်သည့် အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးကိုဖော်ဆောင်လျက်ရှိရာတွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အခန်းကဏ္ဍသည်လည်း အဓိကနေရာတွင်ပါဝင်သည်။ ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လျက်ရှိရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့နှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစားအားကိုးကြရသည့်ဥပဒေဘက်တော်သားများအဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဆိုသည့် လေးနက်သည့်ဆောင်ပုဒ်ကိုဦးထိပ်ထားပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းလျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် တပ်မတော်၊ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး"**ဟူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **"ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်းစည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်ကိုတားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး"**စသည့် လုပ်ငန်းတာဝန်ကြီး(၆)ရပ်ကိုလည်း ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့်မျှော်မှန်းချက်များနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ကြရမည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် ခေတ်မီလက်နက်အသုံးအဆောင်ပစ္စည်းများ စသည်များကို ခေတ်ကာလနှင့်လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင် တစ်ဦးချင်းစီကလည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ်လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့်အဖွဲ့အစည်းဖြစ်သည်။ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေဖို့လိုသည်။

နိုင်ငံတော်အစိုးရက ရာဇဝတ်မှုများအဖြစ်သတ်မှတ်ထားသော Online လိမ်လည်မှု၊ Online လောင်းကစားမှုများ၊ လူသားမျိုးနွယ်တစ်ခုလုံး လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးကိုတိုက်ဖျက်သည့်လုပ်ငန်းများ စသည်တို့တွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်နှင့် ဖိဖိစီးစီးစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများစွာရရှိနေသည်မှာ ဂုဏ်ယူဖွယ်ကောင်းလှပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မုန်တိုင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ စက်တင်ဘာလ ၂၉ ရက် ညနေပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏စီမံခန့်ခွဲမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်သည်။

အသိပညာပေးနှိုးဆော်ရာတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်၊ ချောင်းများအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာနေရာများကို လှည့်လည်ကြေညာ၍ အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်သည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရန် ကျောက်ဆည်ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ အချိန်ပြည့် အသင့်အနေအထား ပြင်ဆင်ထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**မြို့သစ် စက်တင်ဘာ ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးတင်လှကြည်နှင့်ဝန်ထမ်းများသည် လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို စက်တင်ဘာလ ၂၉ ရက်တွင် ကနီကျေးရွာရှိ သဲဖြူမဟာမြိုင်တောရဆရာတော်ကြီးကျောင်း၌ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာနေရာသို့ မြို့သစ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)ဦးစိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ကနီအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၆၆ ဦးနှင့် မထွဲအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၉ ဦး စုစုပေါင်း ၁၁၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁-၁၀-၂၀၂၆(ကြာသပတေးနေ့)

- ၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
- ၂။ ၁၀:၀၀ Internet Pages
- ၃။ ၁၄:၃၀ Live For You
- ၄။ ၁၇:၀၀ အနုပညာခရီးလမ်း
- ၅။ ၁၈:၂၀ Thazin Request Song
- ၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၀-၂၀၂၆(ကြာသပတေးနေ့)

- ၁။ ၀၆:၀၃ တရားတော်
- ၂။ ၀၆:၄၅ ဓမ္မပူဇာတေး
- ၃။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၄။ ၀၈:၄၀ မောင်မယ်လေးများသိစေချင်
- ၅။ ၀၉:၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၆။ ၁၀:၄၀ ဆောင်းပါးပေါ်မှစာစုများ
- ၇။ ၁၂:၄၀ မွေးမြူသုတ
- ၈။ ၁၃:၂၀ အမှတ်တရနေ့ရက်များ
- ၉။ ၁၈:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၆၇-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး ဆင့်ပွားသင်တန်းဆင်းပွဲနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြပွဲကျင်းပ



**ထားဝယ် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၌ စက်တင်ဘာလ ၃၀ ရက်တွင် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး ဆင့်ပွားသင်တန်းဆင်းပွဲနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဇော်နိုင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်သင်တန်းသားများက ရှာဖွေကယ်ဆယ်ရေးဆိုင်ရာနည်းစနစ်များကို သရုပ်ပြသရာ တက်ရောက်လာသူများက ကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၃၀ ဦးကို ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ စာတွေ့၊ လက်တွေ့ သင်ခန်းစာများ သင်ကြားပို့ချပေးခဲ့သည်။ ယင်းသင်တန်းကို မျက်မှောက်ခေတ်ကာလ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ငလျင်ဘေးအန္တရာယ် အပါအဝင် တခြားသော ဘေးအန္တရာယ်များ မကြာခဏဖြစ်ပေါ်တွေ့ကြုံနေရသည့်အတွက် ဘေးအန္တရာယ် တွေ့ကြုံရသည့်အခါ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်တိုအတွင်း ပြည်သူများကို ထိရောက်လျင်မြန်စွာ ကူညီဆောင်ရွက်နိုင်စေရန်နှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်လာစေရန်၊ နိုင်ငံတကာတွင် အသုံးပြုနေသော ခေတ်မီအခြေခံရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ၊ နည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုတတ်စေရန်၊ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို လက်တွေ့သင်ကြားပေးခြင်းဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)

# အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ကေပြည့်မီရေး နည်းပညာပေးဆွေးနွေး

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ကေပြည့်မီရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ ၃၀ ရက်တွင် မြို့မနည်းပညာပေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရိုန်းသူက အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး တာဝန်ခံဒေါ်ရီရီငွေက အဓိကသီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စနစ်တကျစိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဓာတ်မြေဩဇာများရောင်းချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရိုန်းသူနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသည့်တောင်သူများကိုမျိုးစေ့များ၊ မြေဩဇာများနှင့် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ ပေးအပ်ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# ကန့်ဘလူမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ ဆုချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး



**ကန့်ဘလူ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဆုချီးမြှင့်နိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိ၊ မရှိ ခရိုင်ဆုရွေးချယ်ရေးအဖွဲ့က ပထမအကြိမ်ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာလ ၃၀ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဆုရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ပညာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်း(၄)ချက်၊ အညွှန်းကိန်း(၁၇)ချက်နှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ကျောင်းတွင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံပြသသည်။

အဆိုပါကွင်းဆင်းစစ်ဆေးသည့်ရလဒ်များအပေါ်မူတည်၍ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ဆုရရှိသောကျောင်းများကို တိုင်းဒေသကြီးနှင့် ခရိုင်များတွင် ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ သီးနှံစုံဧက နှစ်သိန်းကျော် စိုက်ပျိုးပြီးစီး

**ဝါးခယ်မ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက နှစ်သိန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ လျာထားဧက ၂၁၄၅၉၇ ဧကကို ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် မိုးသီးနှံစုံ ၂၁၄၅၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

အဆိုပါ စိုက်ပျိုးပြီးဖြစ်သော မိုးသီးနှံစုံ ၂၁၄၅၃၅ ဧကတွင် ချဉ်ပေါင်လျှော် ငါးဧက၊ ကြံဧက ၂၀၊ ပိန်း ၅၂ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၁၁၉၇ ဧက၊ ပန်းမျိုးစုံ ၄၅ ဧကနှင့် စပါး ၂၁၃၂၁၆ ဧကဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင်သီးနှံစုံကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးမယ့် သီးနှံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့နဲ့ သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ပျိုးမီကတည်းက စိုက်ပျိုးရေးဦးစီးဌာနကနေ ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ကင်းထောက်မှတ်တမ်းယူတဲ့ လုပ်ငန်းတွေကိုလည်း စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက လုပ်ဆောင်မှာပါ”ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ စိုက်ပျိုးထားသည့် မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ သီးနှံအရည်အသွေးကောင်းမွန်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် တခြား အကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါသီးနှံစုံကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ တခြားဒေသဈေးကွက်များသို့ ရောင်းချနိုင်မည်ဖြစ်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

မြဝတီ ကာတွန်း



# စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

**ယမန်နေ့မှအဆက်**

“သား လူလေး ဒါက အမေ့ထဘီအထက်ဆင့်ကလေး၊ ငါ့သားအန္တရာယ်ကင်းအောင်နော်၊ ဒါလေးက ဂုဏ်တော်ကိုးလုံးပုတီးလေး အိပ်ရာဝင်တိုင်း ညညစိပ်ပါ သားရယ် ဟင့်ဟင့်ဟီး”

“အို ရှင်မကလည်းကွာ သွားခါနီးလာခါနီး ကလေးစိတ်မကောင်းအောင် ဘာလို့ငိုနေတာလဲကွယ်”

မယ်သုန်က သူ့သားနားကမခွာတော့ဘဲ လက်မောင်းကို ဆုပ်ကိုင်ထားလေသည်။ ရွှေရေးကလည်း သူ့သားကိုလိုက်ပို့ရန်အတွက်ရှမ်းဘောင်းဘီနှင့်ပင်နီတိုက်ပုံအင်္ကျီကိုယ်ကျပ်ဝတ်ထားပြီး နှီးခမောက်ကြီးတစ်ချပ်ကို လက်ကကိုင်ထား၏။

“လူကလေး မောင်စံကင်းရေ အပေါ်တက်ခဲ့ပါကွယ်”

ကျောင်းပေါ်က ဦးသူတော်ခေါ်သံကြောင့် စံနက်ကျော် အပြေးတက်သွားလေသည်။ စံနက်ကျော်မှာ ကလေးပီပီ မည်သည့်အပူအပင်မျှမရှိဘဲ ရွှင်မြူးနေလေသည်။ မယ်သုန်က သားဖြစ်သူနောက်သို့ လိုက်ဟန်ပြင်နေသဖြင့် ရွှေရေးက လက်ကိုဆွဲထားလိုက်သည်။

“ကဲ စံနက် ငါ ညကမှာထားတာတွေကို မမေ့နဲ့နော်”

“တင်ပ့ါဘုရား”

“အိမ်း “လောကလူ့ဇာတ်နေအရပ်ကား ပလွှားဖယ်ကြဉ် သူမြင်ခယ ချီးစွစကား ကိုယ်ကားမတ်မတ် စိတ်ဓာတ်ကြံ့တည် အရည်အမျိုး နေ့နေ့တိုးသား ကြိုးစားပုရိတုမရှိလျှင် ဘုရားပင်ဖြစ် ယောကျ်ားစစ်၏”တဲ့။ ယောကျ်ားဆိုတာ ကိုယ်လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် မီးတောင်ကြီးဖြစ်နေပါစေ ကျော်ရဲရမယ်ကွဲ့၊ အရေးကြီးဆုံးက မင်းကိုယ်မင်း ပညာဖြစ်စေ၊ ကုသိုလ်ဖြစ်စေ အမြဲတိုးတက်အောင် လေ့ကျင့်နေရမယ်။ ပညာဆိုတဲ့နေရာမှာ အသိဉာဏ်ပညာသာမက ကိုယ်ခံပညာတွေအထိပါတယ်နော်”

“တင်ပ့ါဘုရား”

“အိမ်း အရေးကြီးဆုံးက ဘယ်နေရာရောက်ရောက် ရိုးရိုးသားသားပြောဆိုနေထိုင်ရမယ်၊ အပ္ပမာဒတရား အမြဲထားရမယ်၊ ယောကျ်ားကောင်းတို့မည်သည် လုံ့လဥဿာဟ ကြီးမားရမယ်၊ မပျင်းရိရဘူး၊ တင်းတိမ်ရောင့်ရဲနိုင်ရမယ်နော်”

“တင်ပ့ါ တပည့်တော် သတိတရားနဲ့ အမြဲလိုက်နာပါမယ်ဘုရား”

“မင်းလည်း တို့များအလောင်းတော်ရဲ့ နိပါတ်တွေသင်ဖူးတာပဲ၊ လုံ့လဥဿာဟဆို မဟာဇနက၊ ပညာအရာဆို မဟောသဓာ၊ သတိတရားဆို တေမိယဇာတ်တွေမှာ အကျိုးတရားတွေပြထားပြီးသားပဲ၊ ကဲကဲ အချိန်ကျပကွဲ့၊ ဘုရားရှိခိုး”

သူတစ်သက်တာ နေထိုင်ကြီးပြင်းခဲ့ရပြီး နေ့စဉ်ဆွမ်းတော်ကပ်ခဲ့ရာ ဘုရားခန်းထဲတွင် နောက်ဆုံးပူဇော်ခြင်းဖြင့် ရိုသေစွာ ဦးခိုက်လိုက်ပြီး ကျေးဇူးရှင်ဆရာတော်ကြီးကိုလည်း ခြေတော်အစုံဦးတိုက်ကန်တော့လိုက်၏။ ပစ္စည်းကလေးများထည့်ထားသော အိတ်ကလေးနှင့် အိပ်ရာလိပ်ကို လွယ်ကာ ကျောင်းပေါ်က ဆင်းခဲ့၏။ ရပ်စောင့်နေသော ကျေးဇူးရှင် အမိအဖ နှစ်ပါးကို ခြေဖမိုးဦးတိုက် ရိုသေစွာ ကန်တော့လိုက်သည်။

“မင်းရေးထားတဲ့ အလင်္ကာတွေ၊ ကဗျာတွေ ပါရဲ့လားကွဲ့”

“တင်ပ့ါ ပါ ပါတယ်ဘုရား”

“ဟိုရောက်ရင် ဆရာတော် ဦးပရမထံကို ငါရေးပေးတဲ့စာနဲ့အတူ ကပ်လိုက်ကွဲ့နော်”

“တင်ပ့ါဘုရား”

ဆရာတော်ကြီးက မြောက်ဘက်ပြတင်းပေါက်သို့ လျှောက်သွားကာ မြူခိုးများ ဝေ့သိုင်းနေသော ရောမြစ်ရိုးမှသည် တောင်ကုန်းတောင်မြင့် အဆင့်ဆင့်တို့ဖြင့် စိမ်းညို့အုံ့မှိုင်းနေသော မန်ကျည်း၊ ကုက္ကို၊ ထနောင်း၊ အင်ကြင်း တောလုံးဆက်နေကြသော ဝါးရုံ ဝါးတလက်အုံကြီးများ အကြားက မောင်စံကင်းသွားရမည့် လမ်းကြောင်းကို မှန်းမျှော်ကြည့်လိုက်လေသည်။

မြောက်ဘက်ဆင်ခြေလျှော တောအစပ်၌ နှစ်စဉ် စားကျက်ပြောင်းလာကြသော မြင်းရိုင်းအုပ်ကြီးက အစာစားနေကြ၏။ ထိုမြင်းရိုင်းကြီးများမှာ ရိုးမဘက်များမှ ပဲခူး၊ သာစည်၊ မိတ္ထီလာ၊ ကျောက်ဆည် တောကြီးများကို ဖြတ်သန်းကာ ရာသီအလိုက် ပန်းတော်မြတ်နု အစာပေါသော မြစ်ရိုးဘက်သို့ ရောက်လာကြခြင်းဖြစ်သည်။ မြင်းကြီးများမှာ အကောင်သုံးဆယ်ခန့်မျှရှိပြီး မြင်းပေါက်ကလေးများနှင့် တချို့မြင်းကြီးများက မြူးထူးခုန်ပေါက်ပြေးလွှားနေကြ၏။ ထိုမြင်းများကို မြင်လိုက်သော ဆရာတော်ကြီးက ဦးခေါင်းတညိတ်ညိတ်ဖြင့် ပြုံးတော်မူကာ တပည့်ချစ်ရှိရာသို့ ဆင်းလာသည်။

“ကိုင်း ကိုင်း သူတော်ရေ နေမပြင်းခင် ခြေခင်းလက်ခင်းလည်းသာတုန်း ခရီးစမှကွယ်တို့၊ နင်ကရော ဘာမှာဦးမလဲ”

ဦးသူတော်က ထိုင်ကန်တော့နေသော မောင်စံကင်းဦးခေါင်းကလေးကို ပွတ်သပ်ကာ ဆုပေးလိုက်သည်။

“အရှင်ဘုရားမှာတာနဲ့တင် ပြည့်စုံနေပါပြီဘုရား၊ ကိုင်း...လူကလေး ငါ့မြေးရောက်လေရာအရပ်မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို မမေ့ရဘူးကွဲ့၊ သူတစ်ထူးက ပြုဖူးတဲ့ကျေးဇူးကိုလည်း ဘယ်တော့မှမမေ့လျော့ပါနဲ့ ငါ့မြေး၊ သာဓု သာဓု သာဓု သွားလမ်းသာလာလမ်းဖြောင့်ပါစေကွယ်”

“အိမ်း သူတော်ရေ ငါတို့တွက်ဆထားတဲ့အတိုင်း တစ်သဝေမတိမ်းပဲဟော့... ဒီအသက်ဒီအရွယ်နဲ့ နယ်စိမ်း ပယ်စိမ်း ခရီးဝေးသွားမယ့် နင့်မြေးရဲ့ ရဲရင့်တည်ကြည်မှုကိုတော့ အားရလှသကွယ်”

ကျောင်းနေဖက်သူငယ်ချင်း ကိုရင် ကျောင်းသားကလေးများကို လိုက်လံနှုတ်ဆက်ရင်း ရွှင်မြူးတက်ကြွလျက် အမိ



အဖဆွေမျိုးများကို ခွဲခွာကာ ဘယ်ဆီဘယ်ဝယ်မှန်းမသိရလေသော တစ်နယ်တစ်ကျေးခရီးကို သွားရတော့မည်ဖြစ်စေကာမူ အရွယ်နှင့်မမျှ ရင့်ကျက်လှသော မျက်နှာ ပူဆွေးဝမ်းနည်းမှုကင်း တုန်လှုပ်ကြောက်ရွံ့ခြင်း အလျှင်းမရှိပုံကိုမြင်၍ ယောကျ်ားကောင်းပီသသော တပည့်ကို ဆရာတော် ဦးလက္ခဏ ကျေနပ်နေတော်မူလေ၏။

ရှင်မယ်သုန်မှာ မျက်ရည်များတွေတွေကျနေ၏။ သူ့သားလက်မောင်းလေးကို ကိုင်ကာ စိတ်မချနိုင်ဘဲ တတွတ်တွတ်မှာမဆုံးဖြစ်နေသည်။

“သား လူကလေး လမ်းခရီးက အဝေးကြီးသွားရမှာ ဂရုစိုက်သွားနော်၊ ဟိုရောက်ရင်လည်း လိမ်လိမ်မာမာနေနော်၊ ငါ့သားလေးက တစ်နယ်တစ်ကျေးမှာ တစ်ယောက်တည်း အများနဲ့သင့်အောင်နေနော်၊ ဒီမှာ ငါ့သား လမ်းမှာစားဖို့ မသိုးထမင်းခုနစ်ထုပ်အမေထည့်ပေးလိုက်တယ်”

“ဟဲ့ ခင်သုန် ဘယ့်နှယ်ကြောင့် မသိုးထမင်းခုနစ်ထုပ်တောင် ထည့်ပေးနေရတာလဲ”

“တင်ပ့ါဘုရား တပည့်တော်သား ခုနစ်ရက်စာ မကြောင့်ကြရအောင်...”

“တယ် ဘုမသိဘမသိနဲ့ တစ်ညနဲ့ နှစ်ရက်ခရီးပါကွယ်။ ယောကျ်ားပဲ တစ်နပ်တလေမစားရလို့ ဘာအရေးလဲ သုံးထုပ်ပဲ ပေးလိုက် ဝန်လေးလှသကွယ်”

မယ်သုန်လည်း မျက်ရည်တစမ်းစမ်း၊ နှာရည်တရှုပ်ရှုပ်ဖြင့် အထုပ်ကလေးများကိုဖြေရင်း ရေဘူးလေးကို သူ့သားလက်သို့ပေးကာ တတွတ်တွတ်မှာနေပြန်သည်။ မြက်ခမောက်ကြီးဆောင်းလျက် ဓားအိမ်ကိုလွယ်သိုင်းပြီး ခရီးသွားဟန်ပြင်လာသော ရွှေရေးက သူ့သားအထုပ်အပိုးများကို ကောက်လွယ်ကာ နံဘေးမှရပ်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၆- ၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်ပညာရေးမှူးရုံး၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာလ ၂၉ ရက်က ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝင်းနိုင်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဘာသာရပ်သင် ဆရာ၊ ဆရာမများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ဖြန့်ဖြူးပေးအပ်

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိကျေးရွာ ၂၈ ရွာမှ တောင်သူများအား သွင်းအားစု ယူရီးယားဓာတ်မြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်က တောင်သူများ လိုအပ်သည့် သွင်းအားစုများနှင့် မျိုးကောင်းမျိုးသန့်များ အချိန်မီရရှိစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ မိုးစပါးအပါအဝင် မိုးသီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၈ ရွာမှ တောင်သူ ၂၆၁၁ ဦးထံ ယူရီးယားဓာတ်မြေဩဇာ ၁၁၉၁၇ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၃၉၀၀ တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက် စရာအကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲဒုတိယနေ့ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP)ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း မတူကွဲပြားသောပါဝင်ပတ်သက်သူများပြန်လည်ချိတ်ဆက်နိုင်ရေးဆိုင်ရာမူဘောင်အား ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ဆွေးနွေးပွဲပထမရက်၌ ဆွေးနွေးရန်ကျန်ရှိသည်များအား ဆက်လက်ဆွေးနွေးရာတွင် NCA အနှစ်သာရကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများ၊ EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသောရည်မှန်းချက်၊ လိုလားချက်များအား ဘုံနိုင်ငံရေး မူဘောင်သတ်မှတ်၍ တစ်ခုတည်းသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးများပါဝင်လာအောင် ချိတ်ဆက်ဆောင်ရွက်ရေး၊ မတူကွဲပြားသည့်သက်ဆိုင်သူများအကြားဆက်ဆံရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံနိုင်သောပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NSPNC ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး နှစ်ရက်တာ ဆွေးနွေးချက်များမှရရှိလာသော သဘောထားစုစည်းချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပိုမိုထိရောက်သောဆွေးနွေးပွဲများကျင်းပ၍ တိကျသည့် သဘောတူညီချက်များချမှတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ဆောင်ရွက်ရာတွင် ဆွေးနွေးမှုပုံစံနှင့်ပတ်သက်၍ NSPNC နှင့် NCA-S EAO များအကြား ဆောင်ရွက်မည့်အခြေအနေများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကော်မတီများဖွဲ့စည်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် လူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပရာတွင် သက်ဆိုင်ရာ NCA-S EAO များ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်လာစေရေး၊ NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်းအား တိုးမြှင့်တည်ဆောက်နိုင်ရေးနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စတို့အား နှစ်ဖက်သဘောထားအမြင်တူညီသည့် သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

# အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) (၄၅)ကြိမ်မြောက် ပြည်သူ့ကျန်းမာရေးကြီးကြပ်အဆင့်(၁) သင်တန်းဆင်း

**မကွေး စက်တင်ဘာ ၃၀**

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)(၄၅)ကြိမ်မြောက် ပြည်သူ့ကျန်းမာရေး ကြီးကြပ်အဆင့်(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အဆိုပါ ပြည်သူ့ကျန်းမာရေးကြီးကြပ်အဆင့်(၁) သင်တန်းကို ယခင်က အခြေခံကျန်းမာရေးတက္ကသိုလ်တွင် On-campus အနေနှင့် ကိုးလတာ သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်ကစတင်ကာ လက်တွေ့သင်ခန်းစာများ ပိုမိုထည့်သွင်းနိုင်ဖို့ရည်ရွယ်၍ Off-campus နှင့် On-campus နှစ်ပိုင်းခွဲ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုသင်တန်းအပါအဝင် ၂၀၂၆ ခုနှစ်အထိ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၄၀၆ ဦးမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး (၄၅) ကြိမ်မြောက် ပြည်သူ့ကျန်းမာရေးကြီးကြပ်အဆင့်(၁)သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်နှစ်ဦးကို သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၀°C |
| ရန်ကုန် | ၂၃°C | / | ၃၃°C |
| မန္တလေး | ၂၄°C | / | ၃၀°C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

(မိုး/ဇလ)

# ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း (၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရို ဂျင်ဒိုင် အောက်ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ | သန်လျင်မြို့နယ် | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ | ဒလမြို့နယ် | ကောင်းမွန် | | | | | |
| | ၉ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | | | | လက်ခံနိုင်သော | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ငူမြို့ | ကောင်းမွန် | | | | | |
| | ၃ | ပြည်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သာယာဝတီမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၁၀ | ကယားပြည်နယ် | | | | | | | |
| | ၁ | လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၂ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း အများပြည်သူအနားယူအပန်းဖြေရာ အဆောက်အအုံနှင့် ငါးပြတိုက်အဆောက်အအုံများ တည်ဆောက်လျက်ရှိ



**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း အများပြည်သူအနားယူအပန်းဖြေရာ အဆောက်အအုံနှင့် ငါးပြတိုက်အဆောက်အအုံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း Myanmar Aqurium Co. Ltd. က တည်ဆောက်လျက်ရှိသည့် အများပြည်သူအနားယူအပန်းဖြေရာ အဆောက်အအုံနှင့် ငါးပြတိုက်အဆောက်အအုံများရှိ တောတွင်း ငါးမျိုးစိတ်ပြကွက်၊ ရေချိုငါးမျိုးစိတ်ပြကွက်၊ ရေချိုရေနက်ပိုင်း ငါးမျိုးစိတ်ပြကွက်၊ မြစ်နှင့်အဏ္ဏဝါပြကွက်၊ ပုံသဏ္ဍာန်စုံငါးအလှပြကွက်၊ ဝေလငါးအရိုးစုနှင့် ဒီဂျစ်တယ်အဏ္ဏဝါပြကွက်၊ ဒီရေတောဒေသ ဇီဝမျိုးစုံမျိုးကွဲများပြကွက်၊ သန္တာကျောက်တန်းနှင့်ရောင်စုံငါးအလှပြကွက်၊ အပူပိုင်းဒေသ ရေအောက်ကမ္ဘာပြကွက်၊ ထူးခြားဆန်းပြားဂျယ်လီငါးပြကွက်၊ ထိတွေ့ခံစားရေသတ္တဝါများပြကွက်၊ Under Water World ပြကွက်နှင့် ဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှုအခြေအနေကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကန်တော်ကြီးရေပြင် သန့်ရှင်းမှုရှိစေရေး AQURAMARINE ဒိုက်ဆယ်ယူစက်ဖြင့် ဒိုက်နှင့်အမှိုက်များဆယ်ယူခြင်း၊ သစ်ကိုင်းကြိတ်စက်ဖြင့် သစ်ကိုင်းများရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အလားတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် ပြည်သူများစုပေါင်း၍ ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စု ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်(၈) မိုင်နှင့် (၅)ဖာလုံရှိလမ်းဘေးဝဲ၊ ယာ ရေမြောင်းများတွင် အမှိုက်များဆယ်ယူခြင်း၊ ပိတ်ဆို့နေသောရေမြောင်းများဆယ်ယူခြင်းနှင့်မြောင်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ လှည်းကူးမြို့နယ် ကြာအင်းအနောက်ကျေးရွာအုပ်စု ဆုံကုန်းကျေးရွာ၌ ရေမြောင်းများ ဆယ်ယူခြင်းနှင့် မြောင်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ယူနန်ပြည်နယ် အမြဲတမ်း ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကျောက်ကျွင့်မင်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံပြီး ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဓွဲထက်ကို(ပြန်/ဆက်)

➲ ရှေ့ဖုံးမှအဆက်

**ဖြေရှင်းဆောင်ရွက်ပေးရေး၊ School cum shelter များ ပြန်လည်တည်ဆောက်ပေးရေး၊ အိမ်ရာမဲ့များ၏ ဘဝရပ်တည်ရေးနှင့် လူမှုဖူလုံရေးစနစ်ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အချင်းပြည့်မီသောဝန်ထမ်းများ ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်ပြုနိုင်ရေး၊ ဆေးရုံအသစ်တည်ဆောက်ပေးရေး၊ အထူးကုဆရာဝန်များ ခန့်ထားရေး၊ ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးရေး**တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုအတွက် ယာဉ်ကြောဆိုင်ရာ ကိစ္စများကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရန်ကုန်မြို့တော်အား Smart City မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရေး အထောက်အကူဖြစ်စေရန် လမ်းဆုံလမ်းခွများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ(မီးပွိုင့်များ)တွင် အဆင့်မြင့် Controller များ တပ်ဆင်ခြင်း၊ လူကူးမျဉ်းကျား၊ မသန်စွမ်းသူများသွားလာနိုင်သော ပလက်ဖောင်းများ၊စက်ဘီးလမ်းများ၊ စက်လှေကားပါသောလူကူးခုံးကျော်တံတားများ၊ Underpass များ တည်ဆောက်ပေးထားပြီး ရန်ကုန်မြို့ယာဉ်သွားလာမှုထိန်းချုပ်ရေး ဗဟိုစင်တာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ အမှတ်(၁)အဆင့်မြင့်ဆက်သွယ်ရေး တပ်ရင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးတို့ပူးပေါင်း၍ IT နည်းပညာအသုံးပြုပြီး Road Safety၊ Traffic Management နှင့် လုံခြုံရေးဆိုင်ရာများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူ ဆင်းရဲချမ်းသာမရွေး ခရီးသွားလာရာတွင် လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူစည်းကမ်းများကို ညီညွတ်မျှတစေရန် ခရီးလမ်းပန်းအဆင်ပြေတွင်ကျယ်လှပ်မြန်စေရန်နိုင်ငံတကာနည်းတူ Smart City မြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှဦးဝင်းဆွေ (ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်ရှိ ကိုင်းသောင်၊ ပုံကမာ၊ ရေတွင်းဆိပ်နှင့် ကုန်းကြီးရွာများ၌ School cum shelter လေးလုံးဆောက်လုပ်မှုရပ်နားထားသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လပွတ္တာမြို့နယ်ရှိ Shelter လေးလုံးအနက် ကိုင်းသောင်ကျေးရွာ Shelter သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ Marval Wealth ကုမ္ပဏီမှဆောက်လုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်းသာပြီးစီးခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ပါသဖြင့် ပြန်လည်အပ်နှံခဲ့သည့်လုပ်ငန်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီကို ရှာဖွေသော်လည်း လမ်းခရီးဝေးကွာခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်းတို့ကြောင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီမရှိပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့သည့်လုပ်ငန်းဖြစ်ပါကြောင်း။

ပုံကမာကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် Silver Star Pathein ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်းအခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ "လုပ်ငန်းပြန်လည်အပ်နှံခွင့်ပြုကြောင်း၊ လုပ်ငန်းများ၏ ပြီးစီးရန်ကျန်လုပ်ငန်းတန်ဖိုးနှင့် PG တန်ဖိုးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်းနှင့်ကုမ္ပဏီအား(Black list)စာရင်းရေးသွင်းဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့ပါကြောင်း။

ရေတွင်းဆိပ်ကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မဏ္ဍိုင်သစ္စာကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်းအခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီးအစည်းအဝေးအမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ "လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များအရ လုပ်ငန်းသဘောတူစာချုပ်ရုပ်စဲပြီး ယင်း Shelter အတွက် ၆၅ ရာခိုင်နှုန်း ထုတ်ရန်ကျန်ငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်း" ဆုံးဖြတ်ခဲ့ပါကြောင်း။

ကုန်းကြီးကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၃၄၈ ဒသမ ၆၀၀ ဖြင့် Ayar Pioneer ကုမ္ပဏီမှ ၅-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးသည့်ငွေ ထုတ်ယူခဲ့ပြီးနောက် လုပ်ငန်းစာချုပ်အရ သက်တမ်းကျော်လွန်ပြီးဖြစ်သည့်အပြင် မြေပြင်တွင်ဆက်လက်ဆောင်ရွက်ခြင်းမရှိပါသဖြင့် Ayar Pioneer ကုမ္ပဏီအား အမည်ပျက်စာရင်း (Black list) ရေးသွင်း၍ PG ၅ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့်လုပ်ငန်းတန်ဖိုး ၄၀ ရာခိုင်နှုန်းငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ ပေးသွင်းနိုင်ရေး တင်ပြထားကြောင်း။

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဒေသလိုအပ်ချက်အရ တင်ပြလာသည့်လုပ်ငန်းများကိုရန်ပုံငွေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် အခက်အခဲများကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရအဖွဲ့များ၏ တင်ပြချက်အပေါ် ရန်ပုံငွေပြန်လည်အပ်နှံလိုမှုများကိုလည်း ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ ရန်ပုံငွေ ပြန်လည်အပ်နှံသည့် လုပ်ငန်းများ မြေပြင်တွင်ပြီးစီးအောင် ဆောင်ရွက်ရေးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သင့်လျော်သည့် အစီအမံဖြင့် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်းနှင့်ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လပွတ္တာမြို့နယ် (ကုန်းကြီး၊ ပုံကမာ၊ ရေတွင်းဆိပ်) ကျေးရွာများတွင်ဆောက်လုပ်သည့် Shelter သုံးလုံးအား ဒေသပေါက်ဈေးဖြင့်ဆက်လက်ဆောင်ရွက်နိုင်မည့်ကုမ္ပဏီများဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **အိမ်ရာမဲ့များ၏ဘဝရပ်တည်မှုနှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးက အိမ်ရာမဲ့များကို လူမှုဘဝရပ်တည်မှုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ကွင်းဆင်းအသိပညာပေးဟောပြောခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ချပြရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီး လေလွင့်တောင်းရမ်းသူများမရှိစေရေးနှင့် ဝင်ငွေရရှိသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အိမ်ရာမဲ့များအား စနစ်တကျ စိစစ်ဆောင်ရွက်ပြီး တည်ငြိမ်သောအိမ်ရာ၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှုအသက်မွေးပညာသင်တန်းကျောင်းများသို့ ပို့ဆောင်ကာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် အတန်းပညာများ သင်ကြားပေးခြင်းတို့ကို လည်းကောင်း၊ ပုဂ္ဂလိက စက်ရုံ/အလုပ်ရုံများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကိုလည်းကောင်း ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စားသဘောမျိုးဖြင့်စီးပွားရေးအမြတ်ထုတ်ကာ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်းခံရသူများအားကူညီကယ်တင်၍ ထိုသို့ပြုလုပ်ရန်ခိုင်းစေသူများအားဖော်ထုတ်ကာ ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခြင်းတို့အား သက်ဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်၊

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးစောမောင်၏ **ကျန်းမာရေးဌာန၏ အောက်ခြေဝန်ထမ်းများ အရည်အချင်းပြည့်မီပါက ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်ပုံမှန်ရရှိရေး ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမှုထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များအား နှစ်စဉ်ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ရာထူးတိုးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ အရည်အချင်းနှင့်ကိုက်ညီသူ အမှုထမ်းများအား ရာထူးတိုးစာမေးပွဲ စစ်ဆေးခဲ့ပြီး ရုံးအကူ/ လုပ်သား/ သန့်ရှင်းရေးစသည့် အောက်ခြေဝန်ထမ်းများ အပါအဝင် အမှုထမ်းစုစုပေါင်း ၂၅၃ ဦးအား ရာထူးတိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကုသရေးဦးစီးဌာနတွင် ဗဟိုအဆင့်ဆေးရုံကြီးများ၊နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများတွင်ခန့်ထားသော အကူသူနာပြုများအား သတ်မှတ်ထားသော အသက်၊ လုပ်သက်ကာလ၊ ပညာအရည်အချင်းများ ပြည့်မီကိုက်ညီပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးသော သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းနှင့်သားဖွားဒီပလိုမာနှစ်နှစ်သင်တန်းများအား ဝင်ခွင့်လျှောက်ထားနိုင်ပြီး သင်တန်းဆင်း အောင်မြင်ပြီးပါက သူနာပြု၊ သားဖွားဆရာမရာထူးသို့ တိုးမြှင့်ခန့်ထားပေးပါကြောင်း။

ပြည်သူ့ဆေးရုံများနှင့်ဌာနများရှိ သတ်မှတ်အရည်အချင်းနှင့်လုပ်သက်ပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ရာထူးတိုးမြှင့်ခန့်ထားရေးအစီအစဉ်အား အောက်တိုဘာလတွင် အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီ၍ အရည်အချင်းပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ်မန်ကျည်းပင်တိုက်နယ်ဆေးရုံ အဆောက်အအုံအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ငပုတောမြို့နယ် မန်ကျည်းပင်တိုက်နယ်ဆေးရုံအဆောက်အအုံအား ၁၈-၂-၂၀၀၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ၁၆ ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါကြောင်း၊ အဆိုပါအဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ပါရှိပြီး ဓာတ်ခွဲခန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စံကိုက်ဓာတ်ခွဲခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ကာ ဓာတ်မှန်ခန်းအားအလှူရှင်များက ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ၂၂-၆-၂၀၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့်ကြံ့ခိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းများအနေဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ သားဖွားခန်းနှင့် သားဖွားလူနာဆောင်တို့တွင် Trolly Way ပြုလုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ အရေးပေါ်လူနာဆောင် ပြုပြင်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းတွင် Control Room ပြုလုပ်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းပြုပြင်ခြင်း ၅၀ ရာခိုင်နှုန်း၊ ဆေးရုံပင်မဆောင်၊ အမျိုးသား၊ အမျိုးသမီးလူနာကုသဆောင်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းတို့မှာ ၉၀ ရာခိုင်နှုန်း၊ ရင်ခွဲရုံပြန်လည်တည်ဆောက်မွမ်းမံခြင်း ၂၅ ရာခိုင်နှုန်း၊ ရင်ခွဲရုံသို့လျှောက်လမ်းပေ ၁၀၀ အရှည်ခင်းခြင်း ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အမှိုက်မီးရှို့ဆောင် ပြန်လည်တည်ဆောက်မွမ်းမံခြင်း၊ ဆေးရုံခြံစည်းရိုးကာရံခြင်းလုပ်ငန်းတို့အတွက် ပစ္စည်းများဝယ်ယူထားရှိပြီးဖြစ်၍ ရာသီဥတုအပေါ်မူတည်၍ ပြုပြင်လျက်ရှိပါကြောင်း၊ခွဲစိတ်ခန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အသစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအတွက် အထူးကုဆရာဝန်များခန့်ထားပို့ဆောင်ရန်၊ လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများအား ပို့ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက တမူးပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာထန်ရှန်းခိုင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အတွေ့အကြုံရင့်ကျက်ပြီး ခွဲစိတ်ကုသမှုများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သည့် လုပ်သက်ရင့် ဆရာဝန်တစ်ဦးဖြစ်ပါကြောင်း၊ တမူးပြည်သူ့ဆေးရုံသည်နေ့စဉ်ပြင်ပလူနာ နှစ်ဦးနှင့် အတွင်းလူနာ ၂၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးကုဆရာဝန်များအား နှစ်စဉ်လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိပါကြောင်း၊သို့ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကို အရည်အသွေးပြည့်ဝစွာပေးအပ်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်နည်းပါးမှုကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲစိတ်အထူးကုဆရာဝန်တစ်ဦးအား ၂၀၂၆ ခုနှစ်အောက်တိုဘာလအတွင်း ခန့်ထားပေးသွားမည်ဖြစ်ပြီး နယ်မြေဒေသအခြေအနေနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများအပေါ်မူတည်၍ အထူးကုဆရာဝန်များအား ထပ်မံလျာထားသွားမည်ဖြစ်ပါကြောင်း။

တမူးပြည်သူ့ဆေးရုံသည်ခုတင်-၁၀၀ ဆံ့ ဆေးရုံဖြစ်သဖြင့် ကုသရေးဦးစီးဌာန ဖြန့်ဖြူးရေးဌာနခွဲမှ ဆေးနှင့် ဆေးပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ

**စာမျက်နှာ ၈ သို့ ➲**

➲ **စာမျက်နှာ ၇ မှ**

တစ်ဆင့် ဖြန့်ဖြူးလျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် တမူးမြို့ပြည်သူ့ ဆေးရုံသို့ ထောက်ပံ့မည့်ဆေးနှင့် ဆေးပစ္စည်းများအား ချင်းတွင်း မြစ်ရေကြောင်းလမ်းဖြင့် ကလေးဝ ဆိပ်ကမ်းသို့ ပို့ဆောင်ပြီး ကလေးဝ ဆိပ်ကမ်းမှ ကလေးမြို့ ပြည်သူ့ ဆေးရုံကြီးတွင်ထားရှိပြီး ကလေး မြို့ပြည်သူ့ဆေးရုံကြီးသို့တမူးမြို့ ပြည်သူ့ဆေးရုံ၏ အစီအစဉ်ဖြင့် သွားရောက်သယ်ဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ကာကွယ်ဆေး ကဲ့သို့သောအအေးခန်းတွင်ထားသို ရန် လိုအပ်သောဆေးများအား ကလေးမြို့မှတစ်ဆင့် ဒေသကွပ်ကဲ ရေးစစ်ဌာနချုပ်(ကလေး)နှင့် ညှိနှိုင်း၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်အိဖြူလွင်၏ **ဂန့်ဂေါမြို့၊ ဆေးရုံများ၌ အရေးပေါ် လိုအပ်နေသည့် ဆေးရုံအုပ်နှင့် ဆရာဝန်များအမြန်ဆုံး စေလွှတ်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် ဒေါက်တာဝင်းထိုက်နှင့်အတူ ကျန်းမာရေးဝန်ထမ်း ၁၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ နယ်မြေလုံခြုံရေး အခြေအနေ တိုးတက်ကောင်းမွန်လာပါက လုပ်ငန်းလိုအပ်ချက်အရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးသည် နယ်မြေအခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ လက်ထောက်ဆရာဝန်တစ်ဦးအား တွဲဖက်တာဝန်ချထားပေးသွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့၏အစီအစဉ်ဖြင့် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှကျန်းမာရေးဝန်ထမ်း များအား ပြန်လည်စေလွှတ်တာဝန် ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင် ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ခနောဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနောဖြူမြို့နယ်၊ စခန်းကြီးကျေးရွာရှိ ကြပ်ရိုးကျေးရွာမှ တော်ဖျားအရှေ့ ကျေးရွာအထိ ရွာချင်းဆက် လမ်းအား ကျောက်ချောလမ်း အဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် ခနောဖြူမြို့နယ်ရှိ တော်ဖျား-ကြပ်ရိုး-အကယ်ကြီး- ဇီးဖျောက် ကျေးရွာချင်းဆက် မြေသားလမ်း ၃ မိုင် ၆ ဒသမ ၅ ဖာလုံရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိပါ သဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲခွင့်ရှိသော လမ်းအဖြစ်ထည့်သွင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ကြပ်ရိုး အခြေခံပညာမူလတန်းကျောင်းရှေ့ မှတော်ဖျားအရှေ့ ကျေးရွာအခြေခံ ပညာမူလတန်း ကျောင်းရှေ့အထိ ရွာချင်းဆက် မြေသားလမ်းသည် ၂ မိုင် ၆ ဒသမ၂၄ ဖာလုံမှ ၃ မိုင် ၆ ဒသမ ၅ ဖာလုံ အထိ အရှည်ပေ ၅၄၅၀ တစ်မိုင် သုည ဒသမ ၂၆ ဖာလုံရှိပါကြောင်း။

မြေပြင်ကွင်းဆင်းစိစစ်ချက်အရ မြေသားလမ်းဖြစ်သောကြောင့် အချို့နေရာများတွင် လမ်းသား နိမ့်ကျမှုဖြစ်ခြင်း၊ လမ်းချိုင့်ကြီးများ ဖြစ်ပေါ်နေ၍မိုးတွင်းကာလသွားလာ ရေးခက်ခဲလျက်ရှိခြင်းတို့ကိုတွေ့ ရှိရပါကြောင်း၊ အဆိုပါလမ်းသည် အကျယ် ၁၇ ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လမ်းအရှည် တစ်မိုင် သုည ဒသမ ၂၆ ဖာလုံအား သတ်မှတ်လမ်း အကျယ် ၂၂ ပေ ရရှိရန်အတွက် လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက် ရောမြေခင်းခြင်းလမ်းအဖြစ် အဆင့် မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၄၈၉ သန်းကုန်ကျ မည်ဖြစ်ပါကြောင်း။

ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းဖွင့်ချိန် ကာလတွင် ချောမွေ့လွယ်ကူစွာ သွားလာနိုင်ရန်ရည်မျှော်၍လည်း ကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရလည်းကောင်း ရာသီမရွေးသွားလာနိုင်သော လမ်း အဖြစ်သို့ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်မှ စ၍ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင် ပေးသွားမည်ဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ်တော်ကြီးမေးမြန်း သော လမ်းပိုင်းတစ်မိုင် သုည ဒသမ ၂၆ ဖာလုံအား မြေသားတာပေါင်ချဲ့ ခြင်းနှင့် ကျောက်ရောမြေခင်းခြင်း အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြန် လည်ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှဦးကျော်မင်း ထွန်း၏ **ဇီးကုန်းမြို့နယ်၊ အုတ်ဖို - သစ်နဖားပင် - ရေအိုးစင်ကုန်း - သစ်နဖားကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ပြန်လည် ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ် သစ်နဖား - ရေအိုးစင်ကုန်း - သစ်နဖားပင် - သစ်ဖြူကွင်းလမ်းသည် တိုင်းဒေသ ကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ပြည်ထောင်စုမှ ကြီးကြပ်ကွပ်ကဲ သော လမ်းဖြစ်ပါကြောင်း၊ အဆိုပါ လမ်းသည် အရှည် ၂ မိုင် ၅ ဖာလုံ ရှိပြီး ကျောက်ချောလမ်း ၅ ဖာလုံ နှင့် အမာခံလမ်း ၂ မိုင်ရှိပါကြောင်း။

လက်ရှိမြေပြင်အခြေအနေမှာ အမာခံလမ်းပိုင်း ၂ မိုင်တွင် အချို့ နေရာများမှာ ပျက်စီးလျက်ရှိပါ ကြောင်း၊ ကျောက်ချောလမ်းအဆုံး ၅ ဖာလုံမှစ၍ မြေသားတာပေါင်ချဲ့ ခြင်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်း ၄ ဖာလုံအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံး ငွေရင်း) ရန်ပုံငွေဖြင့် လျာထားပေး မည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား သည်။

လယ်ဝေးမဲဆန္ဒနယ်မှဦးဝင်းငွေး ၏ **လယ်ဝေးမြို့နယ်၊ ပတ္တာကျေးရွာရှိ ရန်ကုန်- မန္တလေး လမ်းဟောင်း နှင့် လေကြောင်းရန်ကာကွယ်ရေး တပ်သို့ ဆက်သွယ်သောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန် -မန္တလေးလမ်းဟောင်းနှင့် လေကြောင်း ရန်ကာကွယ်ရေးတပ် (အင်ပင်သာ)သို့ ဆက်သွယ်သော လမ်းသည် လမ်းအရှည် ၃ မိုင် ၂ ဖာလုံရှိ ကတ္တရာလမ်းအမျိုးအစား ဖြစ်ပါကြောင်း၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံကွပ်ကဲ သော လမ်းဖြစ်ပါကြောင်း၊ အင်ပင် သာကျေးရွာ၊ ရှားချောင်းကျေးရွာ နှင့် ပတ္တာကျေးရွာစသည့် ကျေးရွာ ၃ ရွာကို ဖြတ်သန်းဖောက်လုပ်ထား သော ကျေးရွာချင်းဆက်လမ်းဖြစ်ပါ ကြောင်း။

အင်ပင်သာကျေးရွာ၊ ရှားချောင်း ကျေးရွာနှင့် ပတ္တာကျေးရွာသည် လမ်းဦးစီးဌာနပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းချဉ်းကပ်လမ်း (ကုန် ထုတ်လမ်း)အား အသုံးပြု၍လည်း ကောင်း၊ V4 မြို့ပတ်လမ်းမှ လည်း ကောင်း၊ ရန်မန်းလမ်းဟောင်းမှ လည်းကောင်း လယ်ဝေးမြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင် ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်း ခြင်း ရန်ပုံငွေအကန့်အသတ်ဘောင် အတွင်းမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား သည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ်၊ တော်ကေး-ပီလခတ်ကျေးရွာချင်း ဆက်လမ်းအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တော်ကေး-ပီလခတ်ကျေးရွာချင်း ဆက်လမ်းသည် အရှည် ၂ မိုင် ၂ ဒသမ ၆ ဖာလုံရှိပြီး တိုင်းဒေသကြီး မှ စီမံခန့်ခွဲသော Class A အဆင့် လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း တွင် ကျောက်ချောလမ်း တစ်မိုင် ၂ ဒသမ ၅ ဖာလုံ၊ မြေသားလမ်း တစ်မိုင် သုည ဒသမ ၁ ဖာလုံရှိပါ ကြောင်း၊ ကျောက်ချောလမ်းတစ်မိုင် ၂ ဒသမ ၅ ဖာလုံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခဲ့ ပါကြောင်း၊ မြေသားလမ်း တစ်မိုင် သုည ဒသမ ၁ ဖာလုံအား ကျောက် ချောလမ်းအဖြစ် အဆင့်မြှင့်တင် ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တွင် ဆောင်ရွက်လျက်ရှိရာ ယခု အခါ မြေသားတာပေါင်ချဲ့ခြင်း ဆောင်ရွက်လျက်ရှိပြီး ရာသီဥတု အခြေအနေပေါ် မူတည်၍ ကျောက်ချောလမ်းခင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း။

ကျေးလက်လမ်းမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောလမ်း များအဖြစ် ဦးစားပေးဆောင်ရွက် လျက်ရှိရာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပြီးပါက ရာသီမရွေးသွား လာနိုင်ပါသဖြင့် လတ်တလောတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပေးရန် အစီအစဉ်မရှိသေးပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှဦးသန်းဝင်းထွန်း ၏ **ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီး ကျေးရွာအဝင်လမ်းအား အဆင့် မြှင့်တင်ရန်အတွက် နီးစပ်သော ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေး နိုင်ပါရန် သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုး က ရွှေဘိုမြို့နယ်၊ ရွှေဘို - ရေဦး လမ်းမှ ခွန်တောင်းကြီးရွာအဝင် လမ်းသည် ကျောက်လမ်း ၂ မိုင် ၃ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံ ခန့်ခွဲသော Class A လမ်းဖြစ်ကာ လမ်းဦးစီးဌာနပိုင်ရွှေဘို-ရေဦးလမ်း နှင့် ချိတ်ဆက်ထားရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာအစီ အစဉ်ဖြင့် ကျောက်လမ်းခင်းခြင်း လုပ်ငန်းအားဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိပျက်စီးနေသည့် ခွန်တောင်း ကြီးကျေးရွာ ရွာအဝင်လမ်းအရှည် ၂ မိုင် ၃ ဖာလုံ ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် လမ်းအဆင့်မြှင့် တင်ခြင်းလုပ်ငန်းများအား ယခုအခါ တွင် မြေပြင်ကွင်းဆင်းဆောင်ရွက် နိုင်မှုအခြေအနေမရှိသေးပါသဖြင့် လတ်တလောဆောင်ရွက်ပေးနိုင် ခြင်းမရှိသေးပါကြောင်းနှင့် မြေပြင် ကွင်းဆင်းဆောင်ရွက်ပြီးမှသာ ရန်ပုံငွေလျာထား ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့ လွှတ်တော်တတိယပုံမှန်အစည်း အဝေးအဋ္ဌမနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေးနဝမနေ့ကို အောက်တိုဘာလ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**မြဝတီ**

# ခရီးသွားဧည့်သည်များကိုဆွဲဆောင်လည်ပတ်နိုင်သည့် နေရာတစ်ခုဖြစ်သည့် ပူတာအို နံနက်ခင်းဈေးအတွင်း ဒေသထွက် ဟင်းသီးဟင်းရွက်များ၊ သား၊ ငါးများနှင့် ရေခဲတောင်မှထွက်ရှိသည့် ဆေးဖက်ဝင်ပစ္စည်းများရောင်းဝယ်ဖောက်ကား

**မြစ်ကြီးနား စက်တင်ဘာ ၃၀**

ခရီးသွားဧည့်သည်များကို ဆွဲဆောင်လည်ပတ်နိုင်သည့် နေရာ တစ်ခုဖြစ်သည့် ပူတာအိုနံနက်ခင်း ဈေးအတွင်း ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ ဒေသထွက် ဟင်းသီးဟင်းရွက်များ၊ သား၊ ငါး များနှင့် ရေခဲတောင်မှထွက်ရှိ သည့် ဆေးဖက်ဝင်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှုအခြေ အနေများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုပြီး ဒေသခံ ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဟင်းသီး ဟင်းရွက်များကို ဝယ်ယူအားပေး ခဲ့သည်။



ဆက်လက်၍ ပူတာအိုမြို့ ခရိုင် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆေးရုံဓာတ်မှန်ဌာန၌ တရုတ်နိုင်ငံထုတ် Browiner (100 MA Digital X-Ray )ဓာတ်မှန်စက်သစ် ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ များကို ကျန်းမာရေးစစ်ဆေးစောင့် ရှောက်မှုပေးနေသည့် အခြေအနေ နှင့် ဆေးရုံအတွင်း ဆေးဝါးကုသ မှုခံယူလျက်ရှိသောလူနာများကို လိုက်လံနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံ ကြီးကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၃၃ သိန်းနှင့် ဆေးဝါး ကုသမှုခံယူနေသောလူနာ ၆၈ ဦးတို့ အတွက် ထောက်ပံ့ငွေကျပ် တစ်ဦး လျှင် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ ပေးအပ်သည်။

ထိုမှတစ်ဆင့် ခရိုင်ပြည်သူ့အား ကစားကွင်းအတွင်း ပူတာအိုခရိုင် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် အမျိုးသား ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့တက် ရောက်၍ ဖျော်ဖြေရေးအဖွဲ့များ အတွက် ချီးမြှင့်ငွေများနှင့် ဘောလုံး ပြိုင်ပွဲအတွက်အားကစားအထောက် အကူပြုပစ္စည်းများကို ပေးအပ် ချီးမြှင့်ပြီးအခြေခံပညာကျောင်း များမှ ကျောင်းသူလေးများ၏ တေး သီချင်း အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေး သည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် အ.ထ.က (ပူတာအို) အသင်းနှင့် အ.ထ.က(မချမ်းဘော)အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်း သူများ၊ ဒေသခံပြည်သူများနှင့် အတူ ကြည့်ရှုအားပေးခဲ့ကြရာ အ.ထ.က (ပူတာအို) အသင်းက ၃ ဂိုး ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုချီးမြှင့် ပွဲကိုကျင်းပရာ တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



**ကြံခင်း စက်တင်ဘာ ၃၀**

ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နန်းမြတ်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး “လူငယ်စကားဝိုင်း”ကို စက်တင်ဘာလ ၂၉ ရက်မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နန်းမြတ်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်းစီမံအုပ်ချုပ်သူ ဆရာကြီး ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Grade-11 မှ ကျောင်းသား မောင်ဇေလင်းသူက “လူငယ်နှင့်ယဉ်ကျေးမှု”၊ Grade-10 မှ ကျောင်းသူ မဂျူးဂျူးအောင်က “လူငယ်နှင့်စာဖတ်ခြင်း”၊ Grade-12 မှ ကျောင်းသူ မဂျူးဂျူးမေက “လူငယ်နှင့်စာရိတ္တ”ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မီးခိုးမြူငွေ့အန္တရာယ်နှင့်မူးယစ်အန္တရာယ်အသိပညာပေးအကြောင်းအရာပါ နံရံကပ်စာစောင်များကို ပြသပေးရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

> (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကဗျာ
>
> ## မြင့်မြတ်ဂုဏ်ရည် ရဲဇာနည်
>
> ❖ မွန်မြတ်စိတ်ထား၊ ရိုးသားတည်ကြည်
> ပြည်သူ့ဘဝ၊ လုပစေရန်ရည်
> သာမျှို့ဝေစည်၊ ဆောက်တည်ပြည်သစ်။
> အေးချမ်းစေရာ ပြည်မြန်မာ
> ကာကွယ်ပြည်သူ့ရဲဖြစ်သည်နှင့်လေး။
>
> ❖ ဖော်ညွှန်းတစ်ခေတ်၊ မျိုးချစ်သားတွေ
> နေ့ညမပြတ်၊ စောင့်ကြပ်တာဝန်ကျေ
> မှုခင်းစုံတွေ၊ ရှင်းစေတိုက်ဖျက်။
> တာဝန်စွမ်းရည် သစ္စာတည်
> ယုံကြည်ဦးထိပ်ရွက်သည်နှင့်လေး။
>
> ❖ ပြည်သူအတွက်၊ အသက်ခန္ဓာ
> ချိန်ခါမရွေး၊ မနေးပေးဆပ်လာ
> ငြိမ်းချမ်းစည်ဖြာ၊ ရပ်ရွာသာရေး။
> ပြည်သူ့ရဲမည် မြတ်ဇာနည်
> ကူညီအခက်ဘေးဝေးသည်နှင့်လေး။
>
> ❖ မူးယစ်ရန်ဘေး၊ မြော်တွေးကာကွယ်
> စိုက်ရောင်းဝယ်သုံး၊ ပျက်သုဉ်းရန်ရည်ရွယ်
> လူကုန်ကူးသွယ်၊ နယ်ပယ်စုံရှင်း။
> မွန်မြတ်ဂုဏ်ရည် ရဲသွေးနီ
> တို့ပြည်ဒုစရိုက်ကင်းသည်နှင့်လေး။
>
> ❖ ဖျက်မှောင့်ပယ်ခွင်း ဖြေရှင်းအစဉ်
> သဘာဝဘေး၊ အလေးထားကယ်တင်
> နယ်စပ်တစ်ခွင်၊ စစ်ဆင်စောင့်ကြပ်။
> ဒီမိုကရေစီ ပန်းတိုင်ချီ
> ခေတ်မီပြည်သူ့ရဲမြတ်သည်နှင့်လေး။
>
> ❖ တိုင်းပြည်ဂုဏ်ဒြပ်၊ မြှင့်လတ်ညွှန်းဖော်
> လက်တွဲခွန်အား၊ နောင်ဖွားတပ်မတော်
> တစ်သွေးတည်းနှော်၊ ပုံဖော်အောင်ပွဲ။
> ဝင့်ထည်ခိုင်ကျည် ပြယုဂ်ပီ
> ခွန့်ရှည်ခိုင်ခိုင်မြဲသည်နှင့်လေး။
>
> ❖ ဖွဲ့သန်သည့်ရဲဇာနည် ဘာမထီ မြတ်တော့သည်။
> မြဲမြံသည့်တွဲကာညီ ကမ္ဘာတည်မှတ်တော့သည်။ ။
>
> **မောင်မင်းသိမ်း(သရက်)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လက်ရှိဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ် အခြေအနေနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ စက်တင်ဘာလ ၂၉ ရက် ညနေပိုင်းတွင် အများပြည်သူများ သိရှိစေရေးအတွက် လှည့်လည်အသိပေးနှိုးဆော်ကြသည်။

အဆိုပါသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်ကာ မီးသတ်ယာဉ်ဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေး၊ အရေးပေါ် အခြေအနေတွင် သက်ဆိုင်ရာဌာနများ၏ အသိပေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေး၊ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက မိမိတို့၏အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေး သိရှိနိုင်စေရန်အတွက် ပေါက်မြိုင်ကျေးရွာ၊ လောင်းတော်ဦးကျေးရွာနှင့်ကင်းစိန်ဈေးကျေးရွာတို့သို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိစေရေး လှည့်လည်အသိပေးနှိုးဆော်ကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)



## ကလေးဝမြို့နယ်၌ ဆောင်းနေကြာသီးနှံ ကေ ၆၀၀၀ ကျော် စိုက်ပျိုးမည်

**ကလေးဝ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနေကြာသီးနှံကေ ၆၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရ သိရသည်။

“ဒီနှစ် လာမယ့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံကေ ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုကကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာပဲစိုက်ကြတာပါ”ဟု ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ကလေးဝမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုနှစ် ကလေးဝမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကိုမျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကိုတောင်သူမှတောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဆင်းပွဲကျင်းပ

**အောင်လံ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၂၉ ရက်နံနက်ပိုင်းတွင်တောင်နံ့သာကျေးရွာအုပ်စု ဘို့လည်(မြစ်နား)ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က သင်တန်းတွင် ထူးချွန်သူများနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့်သင်တန်းသူများကိုလည်း ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ အရင်းအနှီးများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ က ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူများ ပြုလုပ်ထားသော တန်ဖိုးမြှင့် စားသောက်ကုန်များဖြစ်သည့် သစ်သီးဖျော်ရည်အမျိုးမျိုး၊ သစ်သီးယိုမျိုးစုံနှင့် ဂျယ်လီအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို မြို့နယ်အတွင်းရှိ ဘို့လည် (မြစ်နား)ကျေးရွာနှင့် တန်ဘိုးကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာများက တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာနှင့် သက်ဆိုင်သည့် သင်ခန်းစာများကို လုပ်ငန်းထုထောင်နိုင်သည်အထိ စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် ငါးရက်ကြာ(အခမဲ့)သင်ကြားပို့ချပေးကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ပြောကြား



**နေပြည်တော် စက်တင်ဘာ ၃၀**

AI Model Version 1 ကိုအသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း AI နည်းပညာဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ရှေ့ဆက်ဆောင်ရွက်မည့် AI နည်းပညာဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများဆိုင်ရာ အစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက AI Model Version 1 တွင် ဥပဒေအမေးအဖြေပေါင်း ၁၃၀၀၀၀ ကျော်ကို ထည့်သွင်းလေ့ကျင့်နိုင်ခဲ့ပြီး ထပ်မံထည့်သွင်းလေ့ကျင့်ရန် ဥပဒေ Domain များ ရွေးချယ်ထားကြောင်း၊ AI Model Version 1 ကို မကြာမီကာလတွင် အများပြည်သူသို့ Launching ပြုလုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့အတူ အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ဘုန်းကျော်က Myanmar Legal Assistant AI Model Version 1 တွင် ဥပဒေသတင်းအချက်အလက်များ ထည့်သွင်းဆောင်ရွက်မှု၊ တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြဝတီ

## အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကျားရိုင်းအမှတ်တံဆိပ် အကြောအားတိုးဆေး (ဆေးမှုန့်/ဆေးထုပ်)၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် ရွှေသက်စောင့်အားတိုးဆေး (ဆေးပြား/ဆေးဘူး) တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ သတ်မှတ်ချက်(၁၀)ချက်ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကြာပန်းကြီးအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ 333 အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ ဆေးထုပ်)နှင့် နေကြာပန်း အမှတ်တံဆိပ် အကြောအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်း၊ တောင်တန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ဆေးထုပ်) သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်ကို ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြထားသည့်အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|---|
| ၁။ | ကျားရိုင်း | အကြောအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR-016767 (0228) | အမှတ် ၁၃၈/ခ၊ မြတ်ဝတ်ရည်လမ်း၊ ၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၅၇၅၇၁၅၁ (Viber) | Sildenafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | ရွှေသက်စောင့်အားတိုးဆေး | ဆေးပြား ဆေးဘူး | TMR-011593 (1221) | အမှတ် ၁၆၅၊ ဗညားဒလလမ်းမကြီး၊ 119 စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၃။ | ကြာပန်းကြီး | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | ဖော်ပြထားခြင်းမရှိပါ | ဆရာကြီး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း- 09400800324, 09-777788244 | Sildenafil |
| ၄။ | 333 | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | ဖော်ပြထားခြင်းမရှိပါ | 333 တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး အမှတ် ၃၅၇၊ ထွန်းရွှေဝါ ၃လမ်း၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၀၉၉၂၀, ၀၉၂၅၀၁၉၀၉၅၀ | Sildenafil |
| ၅။ | နေကြာပန်း | အကြောအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR-153176(029) | နေကြာပန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စက်မှုဇုန်။ Ph-09 785 020 413 | Sildenafil |
| ၆။ | တောင်တန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR-016 606 (0228) | ဘဝရှင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး Ph 09-766 707 808, 09-989 961 729 | Sildenafil |




Sildenafil ရောနှောသည့် ဆေးနမူနာများကို တွေ့ရစဉ်။

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



**❖ ကျောက်မျက်ရတနာပြပွဲမှ**

(စီ) အုပ်စု ၁၄၆၈ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲ တို့ကို သတ်မှတ်ရက်အလိုက် တင်ဒါစနစ်ဖြင့် ရောင်းချသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ရတနာကုန်သည်များက အာမခံစပေါ်ငွေနှင့်ကျောက်အတွဲတန်ဖိုးငွေများကို အမေရိကန်ဒေါ်လာ သို့မဟုတ် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့်နိုင်ငံခြားငွေအမျိုးအစား သို့မဟုတ် မြန်မာကျပ်ငွေနှင့်ပေးသွင်းနိုင်ရေးအတွက် ယခင်ပြပွဲများနည်းတူ ကျောက်အတွဲ အမျိုးအစားအလိုက် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာနှင့် ညီမျှသော ငွေလဲလှယ်နှုန်းထားများ သတ်မှတ်ရာတွင် ပြည်တွင်းပြည်ပရတနာကုန်သည်များက ပုလဲအတွဲ၊ ကျောက်မျက်အတွဲနှင့် သတ်မှတ်အုပ်စုပါ ကျောက်စိမ်းအတွဲများအတွက် အာမခံစပေါ်ငွေနှင့် တန်ဖိုးနှုန်းထားများကို နိုင်ငံတော်ကနစ်နာမှုမရှိစေရေး၊ ပြည်တွင်းပြည်ပရတနာကုန်သည်များက စျေးနှုန်းအပြိုင်ပေး၍ ဝယ်ယူစေရေးတို့အတွက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပုဂ္ဂလိကဘဏ်များက ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများအနက် အမြင့်ဆုံးငွေလဲလှယ်နှုန်းနှင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ သတ်မှတ်ရာတွင် ပြပွဲစတင်ကျင်းပသည့် အောက်တိုဘာလ ၈ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ပြန်သည့် နှုန်းထားများကိုရယူပြီး သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နေပြည်တော်အတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဥတ္တရသီရိမြို့နယ် ဇဝန သိဒ္ဓိရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှင်းဆီလမ်း ရေမြောင်းများအား နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် အုတ်စီရေမြောင်းအပြင် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်၊ နှင်းဆီလမ်းနှင့် စစ်ကိုင်းလမ်းဆုံ Box Culvert အဝတွင်မြေသားမြောင်းနံရံ ရေတိုက်စားမှုမရှိစေရေးအတွက် ရေဝဲပုံစံ(မြေကာ)နံရံအား လျာထားတွက်ချက် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် မြောက်ချောင်းအား စက်ယန္တရားများအသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရထားသံလမ်းအောက်ရှိ ရေမျောအမှိုက်များအား ဆယ်ယူရန် မှာကြားသည်။

ဆက်လက်၍ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဘေးရှိ နရံဘန်ချောင်းရေစီးရေလာကောင်းမွန်စေရေး သဲနုန်းဖော်နေမှုနှင့်ပုဗ္ဗသီရိမြို့နယ် နေရောင်ပြအင်းဘုရားအနီးရှိ သင်းဝါးချောင်း ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

**● ရှေ့ဖုံးမှအဆက်**

ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၂၅၃၅ ဧကကို ယခုနှစ် အောက်တိုဘာလ ပထမပတ်တွင် စတင် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မြေပဲများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများလိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲအပါအဝင် ဆောင်းသီးနှံများကို လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေးစသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သောကြောင့် တောင်သူများ၏လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**




# ပဲခူးမြို့အတွင်းရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြောင်းပိတ်ဆို့မှုမဖြစ်စေရေးဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၃၀**

အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းလျက်ရှိရာ ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးအတွက် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြောင်းပိတ်ဆို့မှုမဖြစ်စေရေး ရေကြောင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်ရှိ ပန်းဆိုးချောင်း ရေစီးရေလာကောင်းမွန်စေရေး၊ ပုဏ္ဏားစုရပ်ကွက် ကျုံးရိုးချောင်း ရေကြောင်းရှင်းလင်းခြင်း၊ ကတွင်းခြံရိုးချောင်းချဲ့ခြင်းနှင့် ဥသျှာ(၇) ရပ်ကွက်အတွင်း ရေမြောင်းများပိတ်ဆို့မှုမရှိစေရေး စက်ယန္တရားများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ စုပေါင်းအားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဥသျှာတိုင်းသား**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှာဖွေကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအသင့်စုဖွဲ့ထား

**ညောင်ဦး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒေသတွင်း သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ၏ပြောကြားချက်အရ သိရသည်။

"တပ်ဖွဲ့ဝင်တစ်ဦးချင်းစီအလိုက် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ဖို့ လက်တွေ့လေ့ကျင့်မှုတွေ ဆောင်ရွက်ပေးထားပါတယ်" ဟု ဦးကျော်မင်းသူကပြောသည်။

ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် နှစ်စဉ် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ရေကြီးရေလျှံမှုအန္တရာယ်များနှင့် တခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ပြည်သူများ အန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အသိပညာပေးနှိုးဆော်ခြင်း၊ ဘေးအန္တရာယ်များကျရောက်လာပါက အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်မှုမရှိစေရေးအတွက် အသင့်စုဖွဲ့ထားရှိသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ဘက်စုံအကျိုးများစေဖို့ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကြစို့

ကိုကျော်စွာ(ကျိုက်ပီ)

ကမ္ဘာပေါ်တွင် သက်ရှိမျိုးစိတ်ပေါင်းများစွာရှိသည်။ ကုန်းနေရေနေမျိုးစိတ်များ၊ ရေနေမျိုးစိတ်များ၊ ကုန်းနေမျိုးစိတ်များ စသည်တို့ဖြစ်သည်။ ထိုမျိုးစိတ်များအနက် ပျားမျိုးစိတ်လည်းပါဝင်သည်။ အဆိုပါသက်ရှိမျိုးစိတ်များကို လူသားအကျိုးပြုသက်ရှိများနှင့် လူသားကိုအကျိုးမပြုသောသက်ရှိများဟူ၍ ခွဲခြားနိုင်သည်။ လူသားကိုအကျိုးပြုသောသက်ရှိများတွင် ပျားပါသည်။ ထို့ကြောင့် ပျားကို လူသားအကျိုးပြုအင်းဆက်



တစ်မျိုးဟု ဆိုရပေမည်။ ဆိုလည်းဆိုသင့်ပါသည်။ အကြောင်းမှာ ပျားသည် လူသားတို့ကိုအကျိုးပြုနေသောကြောင့်ဖြစ်သည်။ စိုက်ပျိုးရေးဘက်တွင်လည်းကောင်း၊ ပျားထွက်ပစ္စည်းများဖြင့် ကုန်ထုတ်လုပ်ရာတွင်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်းကောင်း၊ လူသားတို့၏ကျန်းမာရေးဘက်တွင်လည်းကောင်း အကျိုးပြုသည်။ ထို့ကြောင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက ယနေ့အချိန်ထိ လူသားနှင့်သဘာဝပတ်ဝန်းကျင်၏ဆက်နွှယ်မှုကို မပျက်စီးစေဘဲ ပိုမိုကောင်းမွန်အောင် သဘာဝကျကျအကျိုးပြုပေးလျက်ရှိသောပျားကို သဘာဝဖန်တီးရှင်အင်းဆက်ပိုးလေးများဟုပင် တင်စားကြသည်။ တင်စားထိုက်ပေသည်။

**ပျားမျိုးစိတ်နှင့်ပျားအုပ်စုများ**

ပျားဆိုသည်မှာ လေထဲတွင်တစ်ကောင်ချင်းဖြစ်စေ၊ အစုအဖွဲ့အုပ်စုလိုက်ဖြစ်စေ ပျံဝဲသွားလာတတ်သော ပန်းဝတ်ရည်ကို စုပ်ယူတတ်သည့် အင်းဆက်ပိုးတစ်မျိုးဖြစ်သည်။ မျိုးရင်းမှာ ဇီဝဗေဒအရ အပ္ပိုက်ဒီးယားဖြစ်သည်။ မျိုးစိတ်စုစုပေါင်း ၂၀၀၀၀ ကျော်ရှိသည်။ ပျားကိုပန်းပွင့်ရာနေရာ မည်သည့်နေရာမဆိုတွေ့မြင်နိုင်သည်။ သို့သော် တစ်နှစ်ပတ်လုံး ရေခဲနေသည့် အန္တာတိကတိုက်မှလွဲ၍ ကျန်ကမ္ဘာ့တိုက်ကြီးများအားလုံး၌ ပျားမျိုးစိတ်တချို့ သို့မဟုတ် ပျားမျိုးစိတ်အမျိုးမျိုးကို တွေ့နိုင်သည်။ ပျားမျိုးစိတ် ၂၀၀၀၀ ကျော်ရှိသည့်အနက် လူသိများသော ပျားမျိုးစိတ်များမှာ - ပျားခရု၊ သစ်ခေါင်းပျား၊ ပျားချဉ်၊ ပျားနံ သို့မဟုတ် ပျားကြီး၊ ခွေးပေးပျား ခေါ် ခွေးလေးပျား၊ ပဆုပ်ပနီပျား၊ ပျားသန် ခေါ် ပသန်ပျား၊ မြေပျား၊ ပျားခေါင်း၊ ယင်ပျားနှင့် နေရောင်ကာပျားတို့ဖြစ်သည်။ ထိုပျားမျိုးများအနက်မှာ ပျားရည်စုသောပျား သို့မဟုတ် ဝတ်ရည်စုသောပျားနှင့်ဝတ်ရည်မစုသောပျားဟူ၍ ထပ်မံခွဲခြားနိုင်သည်။ ပျားရည်စုသောပျားမှာ အဓိကအားဖြင့် ခြောက်မျိုးသာရှိသည်၊ ထိုခြောက်မျိုးကိုပင်အုပ်စုနှစ်ခုထပ်ခွဲထားသည်၊ ပထမအုပ်စုက အနေနောက်တိုင်းပျားရည်စုပျားမျိုးများတွင် ဥရောပပျားရည်စုပျားမျိုး၊ အရှေ့ပိုင်းပျားရည်စုပျားမျိုးနှင့် အာဖရိကပျားရည်စုပျားမျိုးဟူ၍ သုံးမျိုးဖြစ်သည်။ ထိုပျားမျိုးစုကို မြန်မာနိုင်ငံတွင်မတွေ့နိုင်ပါ။ ဒုတိယပျားရည်စုသောပျားမျိုးစုမှာ ပျားကြီး၊ ယင်ပျားနှင့်သစ်ခေါင်းပျားတို့ဖြစ်သည်။

(၁) ပျားကြီး - ပျားကြီးမျိုးစိတ်ကို အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်ရှိနေရာတော်တော်များများတွင် တွေ့ရသည်၊ မြန်မာနိုင်ငံမှာမူ စစ်ကိုင်းတိုင်းဒေသကြီး မဟာမြိုင်တောအတွင်း အများအပြားတွေ့နိုင်ကြောင်း သိရသည်၊ ပျားကြီးသည် ပျားရည်စုသောပျားခြောက်မျိုးအနက် အကြီးဆုံးဖြစ်သည်။ ကျောက်ဆောင်နှင့် ကျောက်ကမ်းပါးများ၌နေလေ့ရှိကြသည်။

(၂) သစ်ခေါင်းပျား - အဆိုပါပျားမျိုးစိတ်ကို အာရှတိုက်တောင်ပိုင်းဒေသများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာတို့၏ သစ်တောထူထပ်သောနေရာများ၌တွေ့ရသည်၊ မြန်မာနိုင်ငံမှာမူ ကချင်ပြည်နယ်၌ အတွေ့များသည်။ သစ်ခေါင်းပျားသည် အရောင်ပို၍မည်းနက်သည်။

(၃) ယင်ပျား - ယင်ပျား၏မူရင်းဒေသက အာရှတိုက်တောင်ပိုင်းပူပြင်းသောဒေသများဖြစ်သည်။ ယင်ပျားသည် အကောင်သေးသည်။ တစ်ကောင်လုံး၏ အရှည်မှာ ၁၀ မီလီမီတာခန့်သာရှိသည်၊ ယင်ပျားသည် နေရောင်ရရှိသော လေဟာနယ်အတွင်းရှိ သစ်ပင်သစ်ကိုင်းများတွင် ပျားအုံတည်လေ့ရှိကြသည်။ ယင်ပျားသည် ပျားအုံတစ်အုံတွင် ပျားအကောင်ရေ ၇၀၀၀ ခန့်ရှိတတ်သည်။

**လူသားနှင့်ပျားဆက်နွှယ်မှု**

လူသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို အသုံးပြုခဲ့ကြသည်။ အစောဆုံးတွေ့ရသောအထောက်အထားတစ်ခုမှာ လွန်ခဲ့သော နှစ်ပေါင်း ၈၀၀၀ ခန့်က စပိန်နိုင်ငံ ဗလင်စီယာမြို့အနီးရှိ အရာနာရှေးဟောင်းကျောက်ဂူ၏အတွင်းနံရံ၌ ရေးထွင်းထားသော ကျောက်ထွင်းပန်းချီကားက သက်သေထူလျက်ရှိသည်။



ထိုပန်းချီကားတွင် လူတို့ပျားဖွပ်နေပုံများကို ရေးဆွဲထားသည်ကိုတွေ့ရသည်။ ထိုပန်းချီကားအရ ထိုခေတ်ကတည်းက လူသားတို့ ပျားရည်ကို စားသုံးခဲ့ကြကြောင်းထင်ရှားသည်။ သမိုင်းသုတေသီများ၏အဆိုအရ လူတို့သည် ယင်းကာလထက်စော၍ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀၀ ကတည်းက လူတို့ပျားရည်ကိုသုံးစွဲခဲ့ကြသည်ဟု ယုံကြည်ခဲ့ကြကြောင်းသိရသည်။ ထို့ပြင် ကမ္ဘာ့နေရာအသီးသီးမှ သုတေသီများ၏ လေ့လာချက်အရ အိန္ဒိယ၊ ဩစတြေးလျ၊ အာဖရိက၊ တူကီယဲနိုင်ငံနှင့် နော်ဝေနိုင်ငံတို့တွင်လည်း ရှေးခေတ်က လူသားများ ပျားရည်နှင့်ပျားထွက်ပစ္စည်းများကိုသုံးစွဲခဲ့သည့် အထောက်အထားများတွေ့ရှိခဲ့သည်ဟုသိရသည်။ ဒိန်းမတ်နိုင်ငံမှာမူ ရှေးခေတ်လူတို့သုံးစွဲခဲ့ကြသော အိုးခွက်များတွင်ပျားဖယောင်းကို အသုံးပြုထားကြောင်းတွေ့ရှိခဲ့ကြသည်။ တူကီယဲနိုင်ငံ၏ရှေးဟောင်းနံရံဆေးရေးပန်းချီကားတစ်ခုတွင်လည်း ပျားအုံပုံရေးဆွဲထားကြောင်းတွေ့ရသည်ဟု သိရသည်။ ထို့ကြောင့် လူသားနှင့် ပျားသည် ရှေးကတည်းက ဆက်နွှယ်မှုရှိခဲ့ကြောင်း ထင်ရှားသည်။

**စိုက်ပျိုးရေးအတွက် အကျိုးပြု ပျားမွေးမြူရေးလုပ်ငန်း**

ပျားသည် ပျားရည်နှင့်အခြားသော ပျားထွက်ပစ္စည်းများသာ ရရှိသည်မဟုတ်ပါ။ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ပြည်တွင်း၌ စိုက်ပျိုးရေးလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ကြသည်၊ စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာလူမျိုးတို့၏အသက်သွေးကြောလုပ်ငန်းဖြစ်သည်၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတိုင်းအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအပြင် သီးနှံပင်များတွင်ကျရောက်တတ်သော ဖျက်ပိုးများ၊ ရောဂါများကို သဘာဝနည်းဖြင့် နှိမ်နင်းနည်းစနစ်များကို သိထားရမည်ဖြစ်သည်။ ထို့ပြင် အပင်တို့၏သဘာဝ၊ ထိုအပင်များနှင့် လူသားအကျိုးပြုအင်းဆက်တို့၏ သဘာဝ၊ အင်းဆက်များနှင့်သီးနှံပင်တို့၏ အပြန်အလှန်အကျိုးပြုပုံများကို ယေဘုယျအားဖြင့်သိထားသင့်သည်။ စိုက်ပျိုးရေးနယ်ပယ်တွင် ဖျက်ပိုးနှင့်မိတ်ဆွေပိုးဟူ၍ နှစ်မျိုးရှိသည်။ မိတ်ဆွေပိုးများမှာ ကပ်ပါးနကျယ်ကောင်၊ အပင်စုပ်ဂျပိုး၊ လိပ်ခုံးကျိုင်း၊ ပင့်ကူ၊ ဥကပ်ပါးနကျယ် စသည့်ပိုးများဖြစ်သည်။ အဆိုပါပိုးများအကူအညီဖြင့် စိုက်ပျိုးရေးအတွက် အကျိုးမပြုသောဖျက်ပိုးများကိုကာကွယ်နှိမ်နင်းနိုင်သည်။ ထို့ပြင် စိုက်ပျိုးရေးအတွက် လူသားတို့ကို အကျိုးပြုနေသော အင်းဆက်တစ်မျိုးလည်းရှိသည်။ ထိုအင်းဆက်မှာပျားဖြစ်သည်။ စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ ပဲမျိုးစုံ၊ ဖရုံ၊ သခွား၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ငရုတ်၊ စပါး၊ ဆလတ်၊ မုန်ညင်း၊ ဝါ၊ ဂျုံ၊ ဂုန်လျှော်၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ သရက်၊ ကော်ဖီ၊ လက်ဖက်၊ ဒူးရင်း၊ ကျွဲကော၊ ရော်ဘာ၊ စပျစ်၊ နာနတ် စသည်ဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရာသီအလိုက်စိုက်ပျိုးကြသည်။ ဤကားလူတို့စနစ်တကျစိုက်ပျိုးသော အပင်များဖြစ်သည်။ တချို့အပင်များက တောတောင်များအတွင်း၌ သဘာဝအလျောက်ပေါက်ရောက်နေကြသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများ၌ အသီးအနှံများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ဝတ်မှုန်ကူးခြင်းလုပ်ငန်းသည် အလွန်အရေးပါလှသည်။ စိုက်ပျိုးစားသုံးပင်များသည် ပင်တည်းဝတ်မှုန်ကူးခြင်းနှင့် ပင်ခြားဝတ်မှုန်ကူးခြင်း နည်းနှစ်မျိုးဖြင့် ရှင်သန်ဖြစ်ထွန်းသီးပွင့်နေကြရသည်။ ထိုကဲ့သို့ စိုက်ပျိုးစားသုံးပင်များ ရှင်သန်ဖြစ်ထွန်းပြီး စားသုံးဖို့အတွက်ကြီးထွားကာ အထွက်တိုးရခြင်းမှာ ပျားမွေးမြူရေးကြောင့်ဖြစ်သည်။ ပျားမွေးမြူရေးသည် စိုက်ပျိုးသီးနှံများနှင့် သစ်သီးဝလံများ အောင်မြင်ဖြစ်ထွန်းဖို့အတွက် ဝတ်မှုန်ကူးခြင်းကို လုပ်ဆောင်ပေးသည်။ သဘာဝတောကြီးများအတွင်းရှိ အပင်များ၊ လူတို့စနစ်တကျစိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပင်များ၊ ဆီထွက်သီးနှံပင်အမျိုးမျိုးနှင့် အခြားစားသုံးသီးပင်စားပင်များကို ပိတုန်း၊ လိပ်ပြာနှင့် ပျားကဲ့သို့ အင်းဆက်များက ဝတ်မှုန်ကူးပေးလေ့ရှိသည်။ အထူးသဖြင့် ပျားများဖြစ်သည်။ ပျားသည် အကောင်အရေအတွက်များသည်။ ယင်ပျားတစ်အုံမှာပင် အကောင် ၇၀၀၀ ခန့်ရှိသည်။ ပျားအုံ ၁၀ အုံဆို အကောင် ၇၀၀၀၀ ခန့်ရှိမည်။ ပျားသည် အကောင်အရေအတွက် အလွန်များသည့်အတွက် စိုက်ပျိုးသီးနှံများကြီးထွားဖြစ်ထွန်းစေရန်နှင့်အထွက်တိုးစေရန် ပျားမွေးမြူရေးသည် အဓိကသော့ချက်ဖြစ်သည်။ သဘာဝပျားများနှင့် မွေးမြူရေးပျားများမှ ဝတ်မှုန်ကူးပေးခြင်းဖြင့် စိုက်ပျိုးရေးကိုအကျိုးပြုသလို သဘာဝဂေဟစနစ်ကိုလည်း ထိန်းသိမ်းပေးသည်။ အထူးသဖြင့် ဆီထွက်သီးနှံနေကြာစိုက်ပျိုးသူများက ပျားမွေးမြူရေးနှင့်နေကြာသီးနှံကို တွဲ၍စိုက်ပျိုးမွေးမြူကြသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခြင်းဖြစ်သည်။ အလွန်အကျိုးများသော လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးအတွက် သီးနှံများဖြစ်ထွန်းအောင်မြင်မှုရှိသလို ပျားမွေးမြူရေးအတွက်လည်း ပျားရည်ကိုရရှိစေသည်။

ပျားမျိုးများနှင့် ပျားမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်သင့်သည်။ ပျားသည် ဂေဟစနစ်ကို အကျိုးပြုသည်။ အထူးသဖြင့် စိုက်ပျိုးသီးနှံများ သီးနှံအထွက်နှုန်းကျဆင်းပါက စိုက်ပျိုးတောင်သူများ ဆုံးရှုံးမှုများဖြစ်ပေါ်မည်။ ထိုမှတစ်ဆင့် ပြည်တွင်းစားရေရိက္ခာ မလုံမလောက်ဖြစ်နိုင်ပြီး

**စာမျက်နှာ ၁၃ သို့** ◆

◆ စာမျက်နှာ ၁၂ မှအဆက်

နောက်ဆက်တွဲအနေဖြင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းဖြစ်လာနိုင်သည်။ ထိုအခါ စားသုံးသူများအနေဖြင့် ဝင်ငွေထွက်ငွေမမျှတလျှင် ခက်ခဲကျပ်တည်းလာပေမည်။ ထိုအခါ ဝင်ငွေနည်းပါးသောအခြေခံလူတန်းစားများအနေဖြင့် လူနေမှုဘဝနိမ့်ကျလာခြင်းမှ နိုင်ငံအတွင်း စီးပွားရေးကျပ်တည်းမှုများ ဖြစ်လာနိုင်သည်။ ဤအဖြစ်မျိုးသည် စိုက်ပျိုးရေးကဏ္ဍနိမ့်ကျလာခြင်း၏နောက်ဆက်တွဲဆိုးကျိုးဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍနိမ့်ကျလာခြင်း၏အဓိကအကြောင်းရင်းက စိုက်ပျိုးသီးနှံများ အထွက်နှုန်းနည်းပါးသွားခြင်းကြောင့်ဖြစ်သည်။ တချို့သောအပင်များက ဝတ်မှုန်ကူးပေးမှ အသီးတင်သည်။ ဥပမာ ရွှေဖရုံပင်လိုအပင်မျိုးဖြစ်သည်။ အဖိုပွင့်၊ အမပွင့်ကို ဝတ်မှုန်ကူးပေးရသည်။ စိုက်ပျိုးသူများအနေဖြင့် ပျားနှင့်စိုက်ပျိုးရေးတွဲဖက်လုပ်ကိုင်ပါက ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို ပျားများက လုပ်ဆောင်ပေးသဖြင့် အသီးအနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမည်ဖြစ်သည်။ ထိုအခါ စိုက်ပျိုးသူများအတွက်အကျိုးရှိသလို နိုင်ငံအတွက်လည်း အကျိုးရှိသည်။

နိုင်ငံတော်အနေဖြင့် နမ်း၊ ပန်းနမ်း၊ နေကြာ စိုက်ပျိုးသည့်နေရာများတွင် ပျားမွေးမြူရေးကိုပါ တွဲဖက်လုပ်ဆောင်နိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပုဂ္ဂလိကပျားအုံက ၂၂၆၇၉၇ အုံဖြင့် သဘာဝတောရိုင်းရှိ နှစ်ရှည်ပင်များ၊ နေကြာနှင့် အခြားဆီထွက်သီးနှံပင်များ၊ ဥယျာဉ်ခြံသီးနှံပင်များ၊ ရာသီသီးနှံစိုက်ခင်းများနှင့် နှစ်ရှည်သစ်သီးပင်များ အထွက်နှုန်းတိုးစေရန် ပျားဖြင့်ဝတ်မှုန်ကူးဆောင်ရွက်လျက်ရှိသည်။ ပျားအုံများကို ရာသီအလိုက်ရွှေ့ပြောင်းမွေးမြူခြင်းဖြင့် တစ်နှစ်အတွင်း ပျားအုံတစ်အုံမှ ရာသီသီးနှံစိုက်ခင်း ၁၂ ဧကကို ဝတ်မှုန်ကူးပေးနိုင်ပြီး စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် တစ်ဧကကို တစ်တင်းမှငါးတင်းအထိ အထွက်တိုးနိုင်သည်။

**ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပျားမွေးမြူရေးလုပ်ငန်း**

မြန်မာနိုင်ငံတွင် ခေတ်မီပျားမွေးမြူရေးကို ၁၉၇၉ ခုနှစ်က စတင်လုပ်ကိုင်ခဲ့သည်။ ပျားမွေးမြူရေးစီမံကိန်းဌာနအဖြစ် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်အထိလည်းကောင်း၊ ပျားမွေးမြူရေးဌာနအဖြစ် ၁၉၈၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိလည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာနအဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိလည်းကောင်း၊ ပျားလုပ်ငန်းဌာနအဖြစ် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိလည်းကောင်း၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲအဖြစ် ၂၀၁၆ ခုနှစ်မှ ယနေ့အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပျားဘုရင်မမွေးမြူရေးလုပ်ငန်း၊ ပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ဝတ်မှုန်ကူးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိသည်။ ပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ တင်သွင်းလာသော ပျားအုံ ၃၅ အုံနှင့် အမေရိကန်နိုင်ငံက လှူဒါန်းသောပျားအုံ ၃၆၀ ဖြင့် မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို စတင်ခဲ့သည်။ ထိုခေတ်ကာလမှစ၍ ယခုအချိန်ထိ ဌာနပျားမွေးမြူရေးမှပျားအုံများ၊ ပုဂ္ဂလိကမွေးမြူရေးမှ ပျားအုံပေါင်း ၂၂၅၀၀၀ ကျော် မွေးမြူလျက်ရှိကြောင်းသိရသည်။ ဌာနပိုင်ပျားအုံမှာ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် ပျားအုံ ၆၂၀၀ ရှိခဲ့ရာမှ ယခုပျားအုံပေါင်း ၁၁၁၆၀ အထိ တိုးချဲ့မွေးမြူလျက်ရှိခဲ့ပြီး ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ဌာနပိုင်ပျားအုံပေါင်း ၁၃၆၄၀ အထိ တိုးတက်မွေးမြူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

စာရေးသူတို့နိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကိုစတင်မွေးမြူခဲ့စဉ်က မွေးမြူသူတစ်ဦးလျှင် ပျားအုံ ၉၀ ဖြင့် စတင်မွေးမြူခွင့်ပြုခဲ့ရာ ယခုအခါတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုတွင် ပျားမွေးမြူသူ ၈၈၃ ဦးရှိကြောင်းသိရပြီး ပျားအုံအရေအတွက်မှာ ၂၁၄၅၄၁ အုံကို မွေးမြူလျက်ရှိကြောင်းသိရသည်။

ပျားရည်ထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန်ချိန် ၅၀၀၀ ခန့်ထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ် မက်ထရစ်တန်ချိန် ၂၂၀၀ မှ ၃၅၀၀ အထိ တင်ပို့နိုင်ခဲ့သည်။ ထိုသို့တင်ပို့နိုင်သဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းမှ လေးသန်းအထိ ရရှိသည်။ ထို့ကြောင့် ပျားရည်သည် ပြည်ပဝင်ငွေရှာဖွေပေးနိုင်သောတန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ပျားမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ရန်လိုသည်။ ပျားမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်လေလေ ပြည်ပတင်ပို့မှုများလေလေဖြစ်ပြီး ပြည်ပဝင်ငွေလည်း ပိုမိုရရှိမည်ဖြစ်သည်။ ပျားမွေးမြူရေးမှ ပျားရည်တစ်ခုတည်း တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်သည်မဟုတ်ပေ။ ပျားမွေးမြူရေးမှ ပျားထွက်ပစ္စည်းအမျိုးမျိုးရှိသည်။ ပျားရည်၊ ပျားဝတ်မှုန်၊ ပျားနို့၊ ပျားကော်၊ ပျားဖယောင်း စသည်တို့ကို ထုတ်လုပ်ရရှိသည်။

ပျားမွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်မည်ဆိုပါက ပျားထွက်ပစ္စည်းများဖြစ်သည့် ပျားရည်၊ပျားဝတ်မှုန်၊ ပျားနို့၊ ပျားဖယောင်း စသည့်ပစ္စည်းတို့၏ ဈေးကွက်အနေအထားကို မပြတ်လေ့လာသိရှိထားရန်လိုသည်။ ပျားထွက်တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် ကမ္ဘာ့ဈေးကွက်ကို လေ့လာထားရန်လိုသကဲ့သို့ ကမ္ဘာ့ဈေးကွက်၏ ပျားထွက်ပစ္စည်းလိုအပ်မှုအခြေအနေကိုလည်း သိထားရန်လိုသည်။ ၂၀၂၂ ခုနှစ်ခန့်က တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ပျားရည်လိုအပ်ချက်မှာ တန်ချိန် ၂ ဒသမ ၄ သန်းခန့်လိုအပ်မည်ဟု ခန့်မှန်းခဲ့ကြကြောင်းသိရသည်။ မြန်မာနိုင်ငံရှိ ပျားရည်ကို အီးယူ(EU)သို့ တင်ပို့မည်ဖြစ်ရာ အီးယူ(EU)မှ အဝယ်တော်များက သူတို့လိုချင်သည့် အရည်အသွေးရရှိအောင် မြန်မာနိုင်ငံသို့လာရောက်၍ သင်တန်းပို့ချခြင်း၊ အရည်အသွေးစစ်ဆေးပေးခြင်းများပြုလုပ်ခဲ့ကြသည်။ အီးယူ (EU)သို့ ၂၀၁၈ ခုနှစ်လောက်ကတည်းက ပျားရည်တန်ချိန်အနည်းဆုံး ၁၀၀၀ ခန့် တင်ပို့နိုင်အောင် ကြိုးပမ်းခဲ့ကြသည်။ ထို့ပြင် မူဆယ်နယ်စပ်ဒေသမှတစ်ဆင့် တင်ပို့သလို ဂျပန်နိုင်ငံသို့လည်း အရည်အသွေးမြင့်ပျားရည်များကို တင်ပို့ရောင်းချလျက်ရှိသည်။ အီးယူသို့ တင်ပို့ရောင်းချနိုင်ပါက လက်ရှိပြည်တွင်း၌ရောင်းချနေသောဈေးထက် နှစ်ဆပိုမိုရရှိနိုင်သဖြင့် ပျားမွေးမြူသူများအနေဖြင့် ဘဝကိုပြောင်းလဲစေနိုင်လောက်သည်အထိ အကျိုးပြုနိုင်မည်ဖြစ်သလို ပျားမွေးမြူရေးလုပ်ငန်းသည် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်သော အကျိုးပြုလုပ်ငန်းတစ်ခုလည်းဖြစ်ပေသည်။

**ပျားထွက်ထုတ်ကုန်နှင့်ဈေးကွက်**

ပျားမွေးမြူရေးမှာ ပျားရည်၊ ပျားနို့၊ ပျားကော်၊ ပျားဖယောင်းအဖြစ်ထွက်ရှိသလို အလှကုန်ပစ္စည်းများမှာလည်း ထည့်သွင်းအသုံးပြုထုတ်လုပ်ကြသည်။ ပျားရည်အနေဖြင့်တော့ တစ်နှစ်ကို မက်ထရစ်တန်ချိန် ၅၀၀၀ ခန့်ထုတ်လုပ်နိုင်ကြောင်း အထက်မှာစာရေးသူဖော်ပြခဲ့သည်။ ပျားမွေးမြူရေး၏အဓိကထုတ်ကုန်မှာ ပျားရည်ဖြစ်သည်၊ သို့သော်အခြားသော ပျားထွက်ပစ္စည်းများမှာလည်း သူ့ထုတ်ကုန်နှဲ့ သူ့တန်ဖိုး၊ သူ့ဈေးကွက်နှင့်သူရှိသည်။

(၁)ပျားနို့ထုတ်ကုန် - ပျားနို့ကိုခရင်မ်အဖြစ်ပြုလုပ်ပြီး သဘာဝအစားအစာအဖြစ်ထုတ်လုပ်ရောင်းချသူများရှိသလို ဆေးတောင့်အနေဖြင့် ထုတ်လုပ်ရောင်းချသူများလည်းရှိသည်။ ပျားနို့ဆေးတောင့်ကို သဘာဝအားဆေးအဖြစ်ထုတ်လုပ်ရောင်းချလေ့ရှိသည်။

(၂)ပျားကော်ထုတ်ကုန် - ပျားကော်ကို အလှကုန်လုပ်ငန်းများအနေဖြင့် အသားအရေချောမောလှပစေရန်ပြုလုပ်သည့် ခရင်မ်များတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။ အရေပြားပေါ်ရှိ မှိုစွဲနာနှင့် ဗက်တီးရီးယားများကို နှိမ်နင်းနိုင်သဖြင့် ဝက်ခြံပေါက်သူများအတွက် အထူးသင့်လျော်သည်။ ပျားကော်၏ကောင်းကျိုးများကို ပိုမိုသိရှိလာသည်နှင့်အမျှ ပျားကော်လိုအပ်ချက်မှာလည်း ကမ္ဘာတစ်ဝန်းများပြားလာသည်။ အထူးသဖြင့် ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုကြသည်။ ထို့ကြောင့် ပျားမွေးမြူသူများအနေဖြင့် ပျားရည်အပြင် ပျားကော်ကိုပါ ထုတ်လုပ်မှုများလာကြသည်။ လက်ရှိကမ္ဘာ့ပေါက်ဈေးအရ ပျားကော်တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၅၀ မှ ၁၀၀ ခန့် ပေါက်ဈေးရှိသည်။ မတ်ထရစ်တစ်တန်ဆိုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ မှ ၁၀၀၀၀၀ အထိ ပေါက်ဈေးရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ပျားမွေးသူများအနေဖြင့် ပျားကော်ထုတ်လုပ်ရောင်းချနိုင်သည့်အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

(၃) ပျားဖယောင်းထုတ်ကုန် - ပျားဖယောင်းကို တချို့သစ်သီးများတာရှည်ခံအောင် ပျားဖယောင်းတွင်နှစ်၍ အလွှာပါးဖြင့်ကာထားကြသည်။ ဒိန်ခဲများကိုလည်း မှိုတက်ခြင်းမှကာကွယ်ရန် ပျားဖယောင်းဖြင့်သုတ်လိမ်းကြသည်။ ထို့ပြင် မီးထွန်းသည့်ဖယောင်းတိုင်အဖြစ်လည်း စီးပွားဖြစ်ထုတ်လုပ်အသုံးပြုကြသည်။ မြန်မာ့လက်မှုပစ္စည်းများပြုလုပ်ရာတွင် ပုံစံခွက်အဖြစ် ပြုလုပ်အသုံးပြုကြသည်။ ကမ္ဘာတစ်ဝန်းမှာ ပျားဖယောင်းအသုံးပြုမှုက နှစ်စဉ်တိုးနေသဖြင့် ပျားဖယောင်းထုတ်လုပ်သူများအနေဖြင့် အကျိုးဖြစ်ထွန်းလျက်ရှိသည်။ ပျားဖယောင်းမက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ ပေါက်ဈေးရှိသည်။

ထို့ကြောင့် ပျားရည်အပါအဝင် ပျားထွက်ထုတ်ကုန်များသည် တန်ဖိုးမြှင့်ထုတ်ကုန်များသာဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့နိုင်ငံအနေဖြင့် ပျားမွေးမြူရေးကို တိုးချဲ့မွေးမြူပြီး ပျားထုတ်ကုန်မြှင့်တင်ရေးကို လုပ်ဆောင်ပြီး ပြည်ပဝင်ငွေရရှိအောင်လုပ်ဆောင်ကြဖို့လိုသည်။

**ပျားမွေးမြူရေးလုပ်ငန်း၏ အကျိုးကျေးဇူးများ**

ပျားမွေးမြူရေးလုပ်ငန်းသည် စိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်မှုမြှင့်တင်ဖို့အတွက် သာမကဘဲ ဘက်စုံအကျိုးပြုသည့် လုပ်ငန်းတစ်ခုဟုဆိုရပေမည်။ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကိုရရှိစေပါသည်-

(၁)ကျေးလက်နေပြည်သူတို့ ဝင်ငွေတိုးစေခြင်း -ပျားမွေးမြူရေးသည် တစ်နိုင်တစ်ပိုင်လုပ်ကိုင်ပါက ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေသည်။ ပျားမွေးမြူရေးသည် တစ်နေကုန်စောင့်ကြည့်၊ စောင့်ရှောက်ရသောလုပ်ငန်းမဟုတ်ပါ။ ထို့ကြောင့် အခြားလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်သည်။ မွေးမြူ၍ရရှိလာသော ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေကို ရရှိစေမည်ဖြစ်သည်။

(၂) အပင်များအောင်မြင်ဖြစ်ထွန်းစေခြင်း- အပင်များ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ဝတ်မှုန်ကူးနည်းမျိုးစုံရှိရာအင်းဆက်ပျားလေးများမှ ဝတ်မှုန်ကူးခြင်းလည်းတစ်မျိုးပါဝင်သည်။ ပျားကောင်များ တစ်ပင်မှတစ်ပင်သို့ ဝတ်ရည်စုပ်ယူရန်ကူးချည်သန်းချည်ပြုလုပ်ပြီး ပန်းပွင့်၏ အဖိုဝတ်မှုန်နှင့် အမဝတ်မှုန် ထိတွေ့ရအောင်ကူညီခြင်းဖြင့် မျိုးအောင်စေသည်။ နေကြာခင်း၌ ပျားမွေးထားပါက နေကြာစေ့မှာ မျိုးအောင်ကာ အစေ့ပိုမိုကြီးထွားဖွံ့ဖြိုးပြီး တစ်ဧကအထွက်နှုန်းကောင်းမည်ဖြစ်သည်။

(၃)သီးနှံဖျက်ပိုးရန်ကိုကာကွယ်ပေးခြင်း -စိုက်ခင်းအတွင်းပျားများရှိနေပါက အခြားသီးနှံဖျက်ပိုးများ မလာတော့ပေ။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပျားမွေးမြူရေးတွဲဖက်လုပ်ကိုင်ခြင်းဖြင့် ဖျက်ပိုးများကို သဘာဝနည်းဖြင့် ကာကွယ်ရာလည်းရောက်သည်။ သီးနှံဖျက်ပိုးများနှိမ်နင်းရန်အတွက် ဓာတုပိုးသတ်ဆေးသုံးစရာမလိုသဖြင့် ကုန်ကျစရိတ်လည်း သက်သာသည်။ အော်ဂဲနစ်စိုက်ပျိုးသူများအနေဖြင့် စိုက်ပျိုးရေးနှင့်ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်သင့်သည်။ လုပ်သလောက် အကျိုးအမြတ်ရနိုင်သော လုပ်ငန်းဖြစ်သည်။

(၄)သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးခြင်း - စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသည် အနည်းနှင့်အများဆိုသလို သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ သို့သော် ပျားမွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင်အဖြစ်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖြစ်သော်လည်းကောင်း မည်မျှများပြားစွာလုပ်ကိုင်စေကာမူ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကိုပါ ထောက်ပံ့ကူညီပေးခြင်း၊ သစ်တောသစ်ပင်များကို ပိုမိုရှင်သန်စေခြင်းအပြင် ပျားမွေးမြူရေးမှ ဝင်ငွေကောင်းကောင်း ရရှိစေသဖြင့် သစ်တောသစ်ပင်များခုတ်လှဲကာ မိသားစုစားဝတ်နေရေးကိုမဖြေရှင်းရတော့သည့်အတွက် သစ်တောများကိုထိန်းသိမ်းရာလည်းရောက်သည်။

(၅)မိသားစုကျန်းမာရေးကို အထောက်အကူပြုခြင်း- ပျားရည်အပါအဝင် ပျားထွက်ပစ္စည်းများသည် လူသားတို့၏ ကျန်းမာရေးကိုများစွာအထောက်အကူပြုသည်။ ပျားရည်ကိုလည်း ကျန်းမာရေးအတွက် ဆေးအဖြစ်အသုံးပြုနိုင်သည်။ ပျားရည်ကို နှစ်နှစ်ကျော်ကလေးများနှင့် သက်ကြီးရွယ်အိုများကို တိုက်ကျွေးခြင်းဖြင့် အားအင်ကိုဖြစ်စေသည်။ ထိခိုက်ဒဏ်ရာရရှိပါက ပျားအိမ်အတွင်းမှ ပျားကော်ကိုသုတ်လိမ်းပေးပါက အနာမရင်းဘဲ အကျက်မြန်စေသည်။ ပျားဝတ်မှုန်က အမျိုးသားများဆီးကျိတ်မကြီးအောင်ကာကွယ်ရာ၌ ထိရောက်သောသဘာဝဆေးဝါးအဖြစ်မှီဝဲကြကြောင်းသိရသည်။ ဤကား ပျားမွေးမြူရေးလုပ်ငန်းမှရရှိလာသောအကျိုးကျေးဇူးများပင်ဖြစ်သည်။ ထို့ကြောင့် ပျားသည် စိုက်ပျိုးရေးကိုအကျိုးပြုသည်။ ပျားရည်ကို ပြည်ပတင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေရရှိစေသဖြင့် ပြည်တွင်းပျားမွေးမြူသူများအနေဖြင့် စီးပွားရေးပိုမိုကောင်းမွန်လာမည်ဖြစ်သလို နိုင်ငံတော်အနေဖြင့်လည်း ပြည်ပဝင်ငွေရရှိသဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း စိုက်ခင်းများမှာ မျိုးအောင်၍အထွက်တိုးသလို ပျားရည်အပါအဝင် ပျားထွက်ထုတ်ကုန်များလည်းရှိသဖြင့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရာလည်း ရောက်သည်။ နိုင်ငံအတွက် ပြည်ပဝင်ငွေအများအပြားရရှိ၍ နိုင်ငံ့စီးပွားကိုပါ ဖွံ့ဖြိုးတိုးတက်စေသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ဘက်စုံအကျိုးများစေဖို့ ပျားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါစို့ဟုသာ ရေးသားတိုက်တွန်းလိုက်ပါသည်။ ။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ်(၁၀ / ၂၀၂၆)

၁။ လူသားတို့၏ပျမ်းမျှသက်တမ်းမြင့်တက်လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပွားလျက်ရှိသည့်သက်ကြီးပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သက်ကြီးပုဂ္ဂိုလ်များ၏အခွင့်အရေးနှင့်သက်ဆိုင်သော အခြေခံမူများချမှတ်ခဲ့ပါသည်။

၂။ ယင်းအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏လွတ်လပ်စွာ ရပ်တည်ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ ပြုစုစောင့်ရှောက်မှုခံယူပိုင်ခွင့်၊ မိမိစွမ်းရည်ကိုအပြည့်အဝဖော်ထုတ်နိုင်ရန် အခွင့်အလမ်းများရရှိခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်းကင်းဝေးပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်တို့ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့်သက်ကြီးပုဂ္ဂိုလ်များ၏ဘဝအရည်အသွေးကို မြင့်မားစေသည့်အပြင် ၎င်းတို့၏စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သော အကျိုးကျေးဇူးများဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် သက်ကြီးပုဂ္ဂိုလ်များသည် အခြားသူများနည်းတူ အသက်ရှင်သန်ခွင့်၊ လုံလောက်သည့်လူနေမှုအဆင့်အတန်းအတွက် လူမှုအထောက်အပံ့များရရှိခွင့်နှင့် ဘဝလုံခြုံမှုရရှိခွင့်တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံသက်ကြီး ရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီတို့ကို ဖွဲ့စည်းကာ သက်ကြီးပုဂ္ဂိုလ်များဘဝရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားကူညီဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုကာ ၎င်းတို့၏အခွင့်အရေးများမြှင့်တင်ကာကွယ်ရေးအတွက်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သက်ကြီးပုဂ္ဂိုလ်များပြုစုစောင့်ရှောက်ရေးသင်တန်းများတွင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများထည့်သွင်းဆွေးနွေးပို့ချခြင်းနှင့်ဘိုးဘွားရိပ်သာများတွင်အခြေခံလူ့အခွင့်အရေးများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အစာအာဟာရနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးမှု၊ မိသားစု၊ မိတ်ဆွေများနှင့်တွေ့ဆုံနိုင်ရေးစီစဉ်ပေးမှုစသည်တို့အပေါ် သွားရောက်ကြည့်ရှု၍သက်ကြီးပုဂ္ဂိုလ်များ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေးသက်ဆိုင်ရာသို့ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons)အတွက်ကုလသမဂ္ဂ၏ဆောင်ပုဒ်မှာ **"The Age of Longevity: Rethinking Systems for Longer Lives"(သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်)**ဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိ သက်ကြီးပုဂ္ဂိုလ်အားလုံး ဂုဏ်သိက္ခာရှိစွာဖြင့်သက်ရှည်ကျန်းမာနေပျော်သည့်ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက်သမားရိုးကျဘဝနေထိုင်မှုလမ်းကြောင်းများမှသည် ဘဝနေနည်းပုံစံသစ်များဖော်ဆောင်ရန်နှင့် ကမ္ဘာ့လူနေမှုစနစ်များကိုပြန်လည်ဆန်းစစ်ရန် နိုင်ငံအသီးသီးနှင့်လူ့အဖွဲ့အစည်းအားလုံးက အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာရဲမြင့်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအတွက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ၁၁ ဖွဲ့ကို ရန်ပုံငွေပေးအပ်




**တောင်ကြီး စက်တင်ဘာ ၃၀**

တိုင်းရင်းသားလူမျိုးစုများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေး မှုအဖွဲ့ ၁၁ ဖွဲ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၅၀ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ရှိသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၁ ဖွဲ့ကို တိုင်းရင်းသားများ၏ စာပေထွန်းကားရေး၊ ရိုးရာတူရိယာများ၊ အသုံးအဆောင်များ ဝယ်ယူစုဆောင်းနိုင်ရေး၊ ရိုးရာအထည်ချုပ်သင်တန်းများဖွင့်လှစ်နိုင်ရေး၊ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၅၀ ကို ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ရန်ပုံငွေများကို မိမိတို့ တိုင်းရင်းသားများအတွက် အမှန်တကယ်အကျိုးသက်ရောက်မှုရှိမည့် တိုင်းရင်းသားရေးရာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် အကျိုးရှိရှိ အသုံးပြုကြရန်မှာကြားလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ၁၁ ဖွဲ့သို့ ရန်ပုံငွေများပေးအပ်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်အရှေ့ပိုင်းရှိတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များသို့လည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ ကချင်၊ ကိုးကန့်၊ ထနော့၊ လီဆူ၊ ယင်းကျားနှင့်ယင်းနက်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၁ ဖွဲ့ထံသို့တိုင်းရင်းသားရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေများပေးအပ်ခဲ့ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကိုယ်စား တိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကို နည်းပညာနှင့်ငွေကြေး ထောက်ပံ့ခြင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ



**ကလေး စက်တင်ဘာ ၃၀**

ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ဌာနမူလတန်းကြိုကျောင်းများဖွင့်လှစ်ခြင်းအပြင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို နည်းပညာနှင့်ငွေကြေးထောက်ပံ့ခြင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့သွားရောက်စဉ် ဒုတိယဝန်ကြီးက ကလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဆက်လက်၍ ကလေးခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၌ မိသားစုသုံးပစ္စည်း (Family Kit)များနှင့် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ထိန်းသိမ်းထားသိုသည့် ပစ္စည်းသိုလှောင်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကလေးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုရှိလာပါက ဘေးသင့်သူများ လတ်တလောသက်သာချောင်ချိမှုရရှိစေရေးအတွက် ထောက်ပံ့ပေးသည့်မိသားစုသုံးပစ္စည်း(Family Kit)များနှင့် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ အဆင်သင့်ဖြစ်နေစေရန်၊ လေလွင့်ပျက်စီးဆုံးရှုံးမှုများမဖြစ်ပွားစေရေး သိုလှောင်ရုံထိန်းသိမ်းရေးနည်းစနစ်များနှင့်အညီ သိုလှောင်ထိန်းသိမ်းဆောင်ရွက်ရန်မှာကြားကာ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

## သဘာဝဘေးအန္တရာယ်များဖြစ်ပွားပေါ်ပေါက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ အသင့်စုဖွဲ့လေ့ကျင့်

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက်လူ၊ ယာဉ်၊ စက်ကိရိယာများဖြင့် အရန်သင့်စုဖွဲ့ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှသိရသည်။

သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအမျိုးအစားအလိုက်တပ်စုအဖွဲ့များလေ့ကျင့်ခြင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အသိပညာပေးနှိုးဆော်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်း သဘာဝဘေး အန္တရာယ်များကျရောက်လာပါက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများကို ကြိုတင်ကာကွယ်စောင့်ရှောက်ကူညီပေးနိုင်ရေးအတွက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ယာဉ်နှင့်စက်ကိရိယာများကိုလည်း အသင့်စုဖွဲ့ထားရှိကြောင်း သိရသည်။ (၄၀၂)



### ၃၀-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်အထိ ယူရီးယားတန်ချိန် ၁၄၂၀၀၀၊ ကွန်ပေါင်းနှင့် အခြားမြေဩဇာ ၅၇၀၅၈၄ တန်ထောက်ခံပေးခဲ့ပါကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့်ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများအဆင်ပြေစေရန် စုပေါင်းဝယ်ယူစုပေါင်းဖြန့်ဖြူးနိုင်ရေးအတွက် သမဝါယမစနစ် Consortium ပုံစံဖြင့် အမြတ်မယူဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို လစဉ်ပုံမှန်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဓာတ်မြေဩဇာများ အရည်အသွေးနှင့် အလေးချိန်မှန်ကန်စေရေး၊ သတ်မှတ်ရောင်းဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး သို့လောင်ပြီး ဈေးကစားခြင်းများမရှိစေရေး၊ မြို့နယ်အလိုက် အရောင်းဆိုင်များကို စစ်ဆေးရန် လိုအပ်ကြောင်း၊ ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း အချိန်မီရရှိရေး၊ အရည်အသွေးပြည့်ဝစေရေး၊ သတ်မှတ်ဈေးနှုန်းနှင့် တောင်သူများလက်ဝယ်အရောက် တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်များအပါအဝင် သက်ဆိုင်ရာဌာနအားလုံးက ပိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်က ယခင်အစည်းအဝေး ဆုံးဖြတ်



ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထောက်ခံပေးထားသည့် တန်ချိန်များအပေါ် မှတ်တမ်းတင်ပေးနိုင်ရန်နှင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ဓာတ်မြေဩဇာ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီးပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဒေသစားရေရိက္ခာဖူလုံရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့လာကြရန်မှာကြား



ပူတာအို စက်တင်ဘာ ၃၀

ဒေသစားရေရိက္ခာ ဖူလုံရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာများကိုကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့ကျင့်ကြရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ယနေ့ နံနက်ပိုင်းတွင် ပူတာအိုမြို့ ဒုတ္တနီရပ်ကွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံမှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူတာအိုဒေသ၌ ဒေသနှင့်ကိုက်ညီသည့်ဒီဂရီကောလိပ်တစ်ခုဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လမ်းညွှန် ချက်အရ ကျောင်းသစ်အမြန်ဆုံးဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးကျော်မင်းခိုင်၊ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမယစ်ယော့ရှု၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုမြို့ ဒုတ္တနီရပ်ကွက်အတွင်းရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ဒုတ္တနီ အခြေခံပညာအထက်တန်းကျောင်း၊ ထူးဖောင်ဒေးရှင်း ပညာဒါနဘော်ဒါဆောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ပူတာအို)နှင့်မြို့မြေကွက်လျာထား မြေလွတ်နေရာတို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ စည်းကမ်းလိုက်နာပြီး ကြိုးစားသင်ယူလေ့လာကြရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

⇨ ကျောဖုံးမှအဆက်

အစီအစဉ်ဖြင့် ရေဘေးသင့်ပြည်သူများကို လာရောက်ထောက်ပံ့သည့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများအား နိုင်ငံတော်အစိုးရကိုယ်စား၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားနှင့် ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က APTERR Tier 3 Program အကြောင်း ရှင်းလင်းတင်ပြပြီး APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet karnjanakesorn နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ပထမအတွင်းဝန် Mr.Wang Xianzhong က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားကာ Tier 3 ဆန်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ရာ ကျေးဇူးတင်ဂုဏ်ပြုလွှာနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

အဆိုပါ APTERR သည် အာဆီယံ ၁၀ နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ချိန်တွင် လိုအပ်သည့်ဒေသများသို့ အရန်ဆန်များ ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရန်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ တိုင်း/ပြည်နယ်/မြို့နယ်ဂီတအစည်းအရုံးများမှ ဒုတိယအကြိမ် ငွေကျပ်သိန်းတစ်ထောင့်နှစ်ရာနှင့် ငွေကျပ်သိန်းတစ်ထောင်ခန့်တန်ဖိုးရှိသော ဆေးဝါး၊ အဝတ်အထည်နှင့် စားသုံးကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MHFTSA) တို့က ငွေကျပ်သိန်း ၁၅၀ ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် စစ်တက္ကသိုလ်အမှတ်စဉ် (၂၂)မှ အရာရှိများနှင့် မိသားစုများ၊ Golden Land Group၊ Royal Sky ကုမ္ပဏီလီမိတက်၊ Dagon Golf City ဝန်ထမ်းမိသားစု၊ ဦးမောင်မောင်ကျော် (CEO, Dagon Golf Club)၊ ကိုဘော်ဘော်မိသားစု၊ ဦးဘိုဘိုထက်တို့က အလှူငွေများကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးရှေ့ ရန်ကုန်-ပုသိမ် ကားလမ်းဘေး ဝဲ/ယာ ရေမြောင်း၊ ပုသိမ်မြို့အဝင် "ရှိသားကြီးစားရောဝတီသား" ဆိုင်းဘုတ်မှ ဒိုက်ထူတိုးဂိတ်လမ်းဘေးဝဲ/ယာ ရေမြောင်းများ၊ မဟာစေတီလမ်း (မြို့ပတ်လမ်း)ရှိ ငါးကြီးထူချောင်း တို့၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့် နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြဝတီမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

မြဝတီ စက်တင်ဘာ ၃၀

ကရင်ပြည်နယ် မြဝတီမြို့၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်း ဦးဆောင်၍ အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းက မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်းကောင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံ၊ အသုံးပြုနည်းများနှင့် ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ၊ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် သိရှိနားလည်ရောင်ကြဉ်ရမည့်အချက်များကိုလည်းကောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံ၊ အသုံးပြုနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို လက်တွေ့ဆောင်ရွက်ကြကြောင်း သိရသည်။

(၀၀၆)

## ထူးခြားသည့်နေ့အပူချိန်များ

၃၀-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ကလေးဝ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုးကောင်း | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြိတ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြောင်းမြ | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကော့သောင်း | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

(လွန်ကျော်)





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပလောက်မြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၂) မင်းကြီးညိုရပ်ကွက် ပေါက်လှကြီးလမ်းရှိ ငနောက်ဆည်အတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက လောင်းလုံးမြို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နယ်မြေခံတပ်မတော်သားများက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆီဆုံကုန်းကျေးရွာ လမ်းဘေးဝဲ/ယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်ပင်သာကျေးရွာနှင့် သပြေတန်းရွာကြား ရန်ကုန်-မန္တလေး(လမ်းဟောင်း)ဘေးရှိ ငနောက်ဆည်အတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။

➡ ရှေ့ဖုံးမှအဆက်

ဆောင်ရွက်ပေးလျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် စက်တင်ဘာလ ၂၇ ရက်နေ့၌ စတင်ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ မုန်တိုင်းငယ်သည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာလ ၂၈ ရက်နေ့တွင်တိုင်းထွာချက်အရ မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၏တောင်ဘက်မှ စတင်ဖြတ်သန်းဝင်ရောက်ခဲ့ရာ ဖြူးမြို့၊ ရေတာရှည်မြို့၊ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့အကြား၊ ညောင်ဦးမြို့အနောက်ဘက်တို့မှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ၊ မတူပီမြို့အနီးမှ ဖြတ်ကျော်ကာ ချင်းပြည်နယ်နှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် မြောက်-အနောက်မြောက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက် - အနောက်မြောက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းကြောင်းနှင့် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီး ဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားရှိသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) ဖြတ်သန်းဝင်ရောက်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိဒေသများနှင့် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့၊ သရက်ချောင်းမြို့၊ ပလောက်မြို့၊ တနင်္သာရီမြို့၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အိုမတွေ့ကျေးရွာ၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စုတို့တွင် မိုးသည်း



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သံဖြူဇရပ်မြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက ထားဝယ်မြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ တနင်္သာရီမြို့၌ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများပို့ဆောင်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် (၁၀)လမ်းထိပ်ရှိ ကျုံးအဟောင်းအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက မော်လမြိုင်မြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လှိုင်းဘွဲ့မြို့၌ ချောင်းကမ်းပါးတွင် ရေထိန်းတမံငယ်ဆောင်ရွက်စဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ မုဒုံမြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်စဉ်။

ထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိနေအိမ်များအတွင်း ရေဝင်ရောက်မှုများ၊ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ၊ လမ်းပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများပြိုလဲခြင်း၊ လူနေအိမ်များထိခိုက်ပျက်စီးခြင်း အစရှိသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများရှိရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာဒေသများရှိ နယ်မြေခံတပ်မတော်သားများ၊

စာမျက်နှာ ၁၈ သို့ ➡



ဘီးလင်းမြို့၌ နယ်မြေခံတပ်မတော်သားများက ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်စဉ်။



သံဖြူဇရပ်မြို့၌ နယ်မြေခံတပ်မတော်သားများက ရေစီးရေလာကောင်းမွန်မှုရှိစေရန် ဆောင်ရွက်စဉ်။



ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာအတွင်း မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုကိုတွေ့ရစဉ်။



ဝမ်းတွင်းမြို့နယ်၌ နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက အိုမတွေ့ကျေးရွာအတွင်း မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် လမ်းပိတ်ဆို့နေသည့်သစ်ပင်များအား ဖယ်ရှားရှင်းလင်းစဉ်။



ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာအတွင်း မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် အုတ်တံတိုင်းနှင့်သစ်ပင်များလဲကျမှုကို တွေ့ရစဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု၊ အမှတ်(၁)ရပ်ကွက် ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ မြစ်ကမ်းပြိုကျမှုဖြစ်ပွားသည့်နေရာအား ကူညီကယ်ဆယ်ရေးဆောင်ရွက်စဉ်။

➡ စာမျက်နှာ ၁၇ မှ
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ရေကျော်ဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသောကားလမ်းမကြီးများတွင်မော်တော်ယာဉ်များ သွားလာနိုင်ရေးအတွက် လမ်းကြောင်းပြ အမှတ်အသားများဆောင်ရွက်ပေးခြင်း၊ မြေပြိုမှုဖြစ်ပေါ်သည့်နေရာများတွင်လူအင်အား၊ စက်ယန္တရားများဖြင့်ဖယ်ရှားရှင်းလင်းခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်းသွားလာအသုံးပြုနိုင်ရေးအတွက် သစ်ပင်သစ်ကိုင်းများရှင်းလင်းပေးခြင်း၊ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေပြန်လည်ကျဆင်းချိန်၌ တင်ကျန်ရစ်သော သစ်ပင်သစ်ကိုင်းများ၊ အမှိုက်များ၊ နုန်းမြေများဖယ်ရှားရှင်းလင်းပေးခြင်း အစရှိသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်းဘွဲ့မြို့၊ ဘီးလင်းမြို့၊ မုဒုံမြို့၊ သံဖြူဇရပ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ လှည်းကူးမြို့၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရေတာရှည်မြို့၊ ပဲခူးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဧရိယာများဖြစ်ပေါ်ခြင်းတို့မရှိစေရန်အတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ နုန်းမြေများဆယ်ယူခြင်း၊ ရေစီးရေလာကောင်းစေရေးဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက်ကြိုတင်ကာကွယ်ခြင်းနှင့် စုဖွဲ့ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုအား ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သဘာဝဘေးကျရောက်ချိန်တွင်လည်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲဆုချီးမြှင့်




ဟားခါး စက်တင်ဘာ ၃၀

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခမ်လျန်ဆုမ်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထက်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ မူလတန်း (ထက်ဆင့်) ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များ၊ မူလတန်း( အောက်ဆင့် ) ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များ၊ အထက်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်ရာပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

# ဒိုက်ဦးမြို့နယ်၌ ဆောင်းဆီထွက်သီးနှံပဲပုပ်ကေ ၃၀၀၀ စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် ပဲပုပ်မျိုးစေ့များပေးအပ်ခြင်းဆောင်ရွက်

ဒိုက်ဦး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးစခန်း(၃)၌ ယမန်နေ့က ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းဆီထွက်သီးနှံပဲပုပ်ဧကေ ၃၀၀၀ စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့်ပဲပုပ်မျိုးစေ့များပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြတ်မင်းထွေးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က စီမံကိန်းဆောင်ရွက်ရခြင်းအကြောင်း ဆွေးနွေးပြောကြားကာ ဒိုက်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေးက ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် စီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်သိန်းနိုင်က ဆောင်းဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရခြင်းအကြောင်းရှင်းလင်းဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ဒိုက်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပဲပုပ်မျိုးစေ့များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အသီးသီးပေးအပ်ကြောင်း သိရသည်။

(၄၁၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

( က ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

( ဃ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

( ဆ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

( ည ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အာရှခြေစစ်ပွဲအကြိုပြိုင်ဆင်မှုအဖြစ် မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်း ခြေစမ်းပွဲနှစ်ပွဲကစားမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာ့လက်ရွေးစင်အမျိုးသား ယူ-၁၇ အသင်းသည် ၂၀၂၇ အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းကို ဖိတ်ခေါ်ကာ ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲများကို အောက်တိုဘာလ ၄ ရက်နှင့် ၇ ရက်ညနေ ၃ နာရီခွဲတွင် သန်လျင်မြို့နယ်ရှိ Star City ကွင်း(Sunset Venue)၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနှင့်အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းနှစ်သင်းလုံးသည် နိုဝင်ဘာလအတွင်း ကျင်းပမည့် 2027 AFC U-17 Asian Cup ခြေစစ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့်အသင်းများဖြစ်ပြီး မြန်မာအသင်းသည် ၂၀၂၇ အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(က)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့နှင့်ကစားရမည်ဖြစ်သည်။ အိန္ဒိယအသင်းသည်အုပ်စု(င)တွင် မလေးရှား၊ ပါလက်စတိုင်း၊ စင်ကာပူနှင့် ဂူအမ်အသင်းတို့နှင့် ကျရောက်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ မြန်မာဘောလုံးအကယ်ဒမီများမှ ပဏာမကစားသမား ၂၉ ဦးဖြင့်ဖွဲ့စည်းထားပြီး ဂျပန်လူမျိုးနည်းပြချုပ် Mr. Keisuke Amano က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ အသင်းအနေဖြင့် ယခုနှစ် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် Galaxy FC အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ဝန်းရံခ**

**■ ကျောဖုံးမှအဆက်**

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၌ Mobile Legends: Bang Bang (MLBB) ပြိုင်ပွဲတွင်အာရှထိပ်သီးအသင်းရှစ်သင်းဖြစ်သည့် မြန်မာ-ကမ္ဘောဒီးယား၊ မလေးရှား-ဂျော်ဒန်၊ ဖိလစ်ပိုင်-အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယား-ဟောင်ကောင်တို့ ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယားအသင်းလေးသင်းသည်ဆီမီးဖိုင်နယ်သို့တက်လှမ်းခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ(ဂျပန်နိုင်ငံစံတော်ချိန် ညနေ ၅ နာရီခွဲ)တွင် မြန်မာ့လက်ရွေးစင် Team Zanaka အသင်းသည် ဆီမီးဖိုင်နယ်၌ မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ရလဒ် ၂-၁ ဖြင့် အောင်မြင်ခဲ့ပြီး ငွေတံဆိပ်ဆုရရှိခဲ့ကာ Grand Final အဆင့်သို့ တက်လှမ်းခဲ့သည်။ တစ်ဖက်တွင်လည်း အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယားအသင်းတို့သည်ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်သောအသင်းသည် အောက်တိုဘာလ ၁ ရက်၌ အာရှချန်ပီယံရွှေတံဆိပ်ဆုအတွက် မြန်မာအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်Team Zanaka အသင်းသည်PUBG Mobile (PUBGM) ပြိုင်ပွဲတွင်အဆင့်၁၂၊ Honor of Kings (HOK)ပြိုင်ပွဲ၌ အဆင့်ရှစ်နှင့်ကျေနပ်ခဲ့ရပြီး eFootball Mobile နှင့် eFootball Console ပြိုင်ပွဲတွင်အုပ်စုအဆင့်မှထွက်ခွာခဲ့ရကာ Mobile Legends: Bang Bang (MLBB) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် လက်တစ်ကမ်းသို့ရောက်ရှိနေကြောင်း သိရသည်။

**သစ္စာ(MNA)**

## M League 2026 U - 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲရ

**ရန်ကုန် စက်တင်ဘာ ၃၀**

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) ဒုတိယနေ့ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

YUSC ကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့် ၁၄ နေရာမှ ချင်းလန်းအသင်းနှင့် အဆင့် ၂ နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့ပွဲတွင် ပွဲကစားချိန် ၁၃ မိနစ်တွင် အပေးအယူအချိတ်အဆက်မိမိဖြင့် ဖွဲ့ခန့်အောင်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူသွားသည်။ ချင်းလန်းအသင်း ချေပဂိုးရရှိရန်ကြိုးစားခဲ့ရာ ပွဲကစားချိန် မိနစ် ၂၀ တွင် Van Dwat Lian Thang က ခေါင်းတိုက်သွင်းပြီး ချင်းလန်းအသင်းအတွက်ချေပဂိုးကို သွင်းယူပေးခဲ့သည်။ လက်ကျန်ပွဲ



ချိန်များတွင် နှစ်ဖက်ကစားသမားများယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၄၅+၁ မိနစ်တွင် ဖွဲ့ခန့်အောင်က ဒုတိယဂိုးသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ပွဲကို ဦးဆောင်ကစားနိုင်ခဲ့၍ပွဲကစားချိန် ၅၄ မိနစ်တွင် လမင်းပြည့်စုံက ခေါင်းတိုက်သွင်းပြီး တတိယဂိုး၊ ပွဲကစားချိန် ၆၉ မိနစ်တွင် ဖွဲ့ခန့်အောင်က စတုတ္ထဂိုးနှင့်ပွဲကစားချိန် မိနစ် ၇၀ တွင် ခွန်ချိုထူးက ပဉ္စမဂိုးများသွင်းယူကာ ချင်းလန်းအသင်းကို ၅ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ထို့အတူ ဗဟန်းကွင်း၌ယှဉ်ပြိုင်ကစားသည့်အဆင့် ၇ နေရာမှရန်ကုန်စီးတီးအသင်းနှင့် အဆင့် ၁၂ နေရာမှရောဝတီယူနိုက်တက်အသင်းတို့ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

## ချက်အသင်းကို ဒုတိယပိုင်းသွင်းဂိုးများဖြင့် အင်္ဂလန်အသင်း အနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၃၀**

UEFA Nations League A Group(3) ဒုတိယမြောက်ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့် ချက်အသင်းတို့စက်တင်ဘာလ ၃၀ ရက်နံနက် ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ချက်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းသည် UEFA Nations League A Group(3) ပထမပွဲစဉ်တွင် လက်ရှိကမ္ဘာ့ချန်ပီယံ စပိန်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိရန်တိုက်စစ်မြှင့်ကစားခဲ့ကြသည်။ ပွဲကစားချိန် ၂၃ မိနစ်တွင် ချက်ကစားသမား ပါဗဲဆူက အင်္ဂလန်ကစားသမား အန်ဒါဆန်ကို ဖျက်ထုတ်မှုကြမ်းတမ်းခဲ့သဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ချက်အသင်းသည် ကစားသမားတစ်ဦးထုတ်ပယ်ခံရသဖြင့် ခံစစ်ကိုဦးစားပေးကစားခဲ့သောကြောင့် အင်္ဂလန်အသင်းအခက်တွေ့နေပြီး ပထမပိုင်းပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အင်္ဂလန်အသင်း တရစပ်ဖိအားပေးတိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၄၇ မိနစ်တွင် ထရန့်အလက်ဇန္ဒာအာနိုးဖန်တီးပေးသောဘောလုံးကို အန်တိုနီဂေါ်ဒန်က ခေါင်းတိုက် သွင်းယူပေးခဲ့သည်။ ထို့နောက်ပွဲကစားချိန် ၆၉ မိနစ်တွင် အင်္ဂလန်အသင်းအတွက် ဟယ်ရီကိန်းက ဒုတိယမြောက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့၍ ပြိုင်ပွဲပြီးဆုံးချိန်တွင် အင်္ဂလန်အသင်းက ချက်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

UEFA Nations League A Group (3) တတိယမြောက်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းသည် ခရိုအေးရှားအသင်းနှင့်အောက်တိုဘာလ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။ **ZMO**

**လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။**

**▲ U - 19 မှ**

ရောဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်တို့နှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့်ရောဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်း ၁၂ မိနစ်တွင် ရောဝတီတိုင်းဒေသကြီးအသင်းကစားသမားက အပြန်အလှန်ခုခံကာကွယ်ရင်း နောက်တန်းကစားသမား၏ မတော်တဆမှားယွင်းမှုကြောင့် ဂိုးပေးလိုက်ရပြီး ကရင်ပြည်နယ်အသင်းမှပထမဂိုးကိုလည်းကောင်း၊ ၃၁ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှကျောနံပါတ် (၇)နော်ကော်ကပြူးစေးက ဒုတိယဂိုးကိုလည်းကောင်း၊ ၃၈ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှကျောနံပါတ်(၁၈)နန်းမိုးပွင့်အေးချိုက တတိယဂိုးကိုလည်းကောင်းသွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းပြီးဆုံးချိန်အထိ နှစ်သင်းလုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ကရင်ပြည်နယ်အသင်းက ၃ ဂိုးဂိုးမရှိဖြင့်အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အကောင်းဆုံးဂိုးသမားဆုရရှိသည့်ကရင်ပြည်နယ်အသင်းမှကျောနံပါတ် ( ၁၈ ) နန်းယမင်းအေးကို အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ အကောင်းဆုံးနောက်တန်းကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှကျောနံပါတ်( ၁၂ )ဆွေစင်ဖြိုးကိုကရင်ပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်မောင်လှိုင်ကလည်းကောင်း၊ အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှကျောနံပါတ်(၁၅) နန်းမိုးပွင့်အေးချိုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့စည်းပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ အကောင်းဆုံးရှေ့တန်းကစားသမားဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁၇)အေးချမ်းသူကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးဦးဗိုလ်ဌေးကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှကျောနံပါတ်(၇) နော်ကော်ကပြူးစေးကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးကလည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ် Trophy များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍စတုတ္ထဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆုငွေကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်ကလည်းကောင်း၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေသားဆုငွေကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်အစည်းအဝေး ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေသားဆုငွေကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးငွေအောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယကက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို ငွေသားဆုငွေကျပ်သိန်း ၁၀၀ နှင့်အမျိုးသမီးတံခွန်စိုက်ဆုဖလားတို့ကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

MYAWADY IN ENGLISH DAILY EDITION

# Accomplices of fugitive Thin Thin Nwe arrested over unlawful sale of cosmetics and gems to fund terrorist groups



A documentary photo of fugitive Thin Thin Nwe



A documentary photo of arrested Lin Min Aung



A documentary photo of arrested Nay Lin Oo



A documentary photo of arrested Sophie Thin



A documentary photo of arrested Ei Ei Thu

**NAY PYI TAW September 30**

Although the government is placing emphasis on maintaining peace, stability and development, NUG and PDF terrorist groups have continued to carry out acts of terrorism, including targeted killings of innocent civilians, including government employees, as well as the burning and blowing up of public buildings, roads and bridges. It has also been observed that some groups supporting terrorism and individuals who have fled the country are engaging in illegal businesses and generating income through social media, while providing assistance and financial support to terrorist groups to enable them to sustain their activities.

The fugitive Thin Thin Nwe, who was charged under Section 505-a of the Penal Code for posting content on social media allegedly aimed at undermining national stability and peace and inciting unrest, is reportedly using social media to sell cosmetics under the "Shwe Nadi & Inca Pure" brand and jewellery under the "Shwe Nadi Jewellery" brand, and is providing financial support to the NUG and PDF groups to carry out terrorist activities. Reports from responsible citizens also indicate that some individuals residing in Myanmar are assisting in the purchase and resale of goods to facilitate the illegal sale of these products.

Authorities emphasized the arrest of individuals who had assisted fugitive Thin Thin Nwe in selling illegal cosmetics and jewellery products. On 21 September, Lin Min Aung, who had assisted in the sale of illegal cosmetics, was arrested at his residence in Pyay. On 24 September, Nay Lin Oo, who had assisted in the sale of illegal jewellery, and Sophie Thin, the younger sister of fugitive Thin Thin Nwe, were arrested at their residence in Thingangyun Township. Ei Ei Thu, who had assisted in the illegal transfer of funds, was also arrested at her residence in Dawbon Township. A total of four suspects were arrested.

Investigations into the arrested suspects found that Lin Min Aung, Nay Lin Oo and Sophie Thin had been jointly operating, in collaboration with fugitive Thin Thin Nwe, a business selling Shwe Nadi & Inca Pure cosmetics and illegal jewellery through social media. Ei Ei Thu had assisted fugitive Thin Thin Nwe in the jewellery-selling business by using mobile payment accounts opened in her own name to receive and transfer payments for a fee, acting as an intermediary for receiving money and transferring it to other accounts. Legal action is being taken against all four individuals in accordance with the law.

People are urged to confidentially report to the relevant security personnel any individuals known to be engaging in illegal businesses with the intention of providing assistance or support to terrorist groups, those purchasing from such businesses, and those providing assistance in any way to facilitate such activities. Authorities will continue to identify and take effective legal action against individuals operating illegal businesses through social media, as well as those assisting them, with the intention of providing assistance or support to terrorist groups.

**100**

# More than 37,000 acres of rainfed paddy planted in Wetlet Township this year

**Wetlet September 30**

More than 37,000 acres of monsoon paddy have been planted in Wetlet Township of Shwebo District, Sagaing Region, during this year's monsoon crop cultivation season, according to records from the Wetlet Township Agriculture Department.

During the 2026-2027 monsoon crop cultivation season, local authorities have set a target of planting 139,600 acres of monsoon paddy. Planting began in June this year, and local farmers have so far planted 37,477 acres of paddy against the target cultivation.

"More than 130,000 acres of monsoon paddy are targeted for cultivation in Wetlet Township during this year's monsoon crop cultivation season. More than 37,000 acres have been planted as of today. We are making efforts to ensure that the targeted acreage is fully planted. We will provide the necessary agricultural technologies and seeds for monsoon paddy cultivation. We are also conducting field activities to help farmers plant monsoon paddy on time," said Daw Kyin San, Head of the Wetlet Township Agriculture Department.

It is also reported that the Township Agriculture Department and local farmers are working together to ensure that monsoon paddy is systematically cultivated without difficulties during this year's monsoon crop cultivation season.

In Wetlet Township, farmers cultivating monsoon paddy are being provided with agricultural technical assistance and awareness on preventing pest infestations, preventing crop damage and losses, and ensuring that harvested paddy is transported to covered storage facilities in a timely manner.

To ensure successful growth and good yields from the monsoon paddy fields cultivated in Wetlet Township this year, officials and staff from the Township Agriculture Department are conducting field activities to provide agricultural technical assistance, including selecting and planting quality and pure seeds, monitoring pest infestations, puddling and weeding, removing off-type plants, and applying fertilizers systematically.

**SK**

# Kanbalu Township plants cultivation of groundnut exceeding the target cultivation



**KANBALU September 30**

Local farmers planted groundnut in Kanbalu Township of Sagaing Region, exceeding the target cultivation this year, according to the Township Agriculture Department.

A plan was set to grow 51,901 acres of groundnut in Kanbalu Township in the 2026-2027 monsoon crop cultivation season. Local farmers started cultivation of crops in May. So far, they have planted 62,419 acres of groundnut, exceeding the target cultivation.

U Myo Myint, Head of Kanbalu Township Agriculture Department, said: "Local authorities earmarked cultivation of groundnut as monsoon crops this year. So far, more than 62,000 acres of crops have been planted so far. Local farmers made efforts to exceed the target cultivation. The number of sown acreage of groundnut is on the rise year after year."

It is necessary to use 1.5 baskets of quality seeds of groundnut per acre for cultivation. Farmers need to cost more than Ks-200,000 per acre for quality seeds, labour charge, fertilizers and pesticides. The crop yields more than 50 baskets per acre.

Staff from the Township Agriculture Department made field trips to the plantations to examine pests and weeds for prevention to achieve success of crops. **SMK**

# Nyaungdon Township ships tilapia fish to Yangon market



**NYAUNGDON September 30**

A larger volume of tilapia was exported from Nyaungdon Township, Ayeyawady Region, to the Yangon market according to Daw Khin Khin, an entrepreneur running a fishery products trading depot in Nyaungdon Township.

Up to 52,000 viss of tilapia were exported and sold from Nyaungdon Township to the Yangon market. The price of tilapia was as high as Ks-18,500 per viss.

"Tilapia from Nyaungdon Township is being exported and sold to the Yangon market. A larger volume was exported and sold last month than previously, creating better employment opportunities and improving livelihoods for people involved in the fisheries sector and related businesses. We are systematically processing and transporting locally produced fishery products to prevent spoilage," said Daw Khin Khin.

Entrepreneurs in Nyaungdon Township are systematically processing fishery products, including tilapia, and mainly supplying them to the Yangon market. The products are subsequently distributed and sold to other regions from Yangon. **SMK**

# Myaung Township sees completion of growing more than 14,000 acres of green gram

**MYAUNG September 30**

Myaung Township Agriculture Department stated that more than 14,000 acres of green gram have been planted in Myaung Township, Sagaing Region, during this year's monsoon crop cultivation season.

For the 2026-2027 monsoon crop cultivation season, Myaung Township has set a target of cultivating 16,952 acres of green gram. Planting began in May this year, and 14,492 acres have been planted to date.

"During this year's monsoon crop cultivation season, more than 16,000 acres of green gram were targeted for cultivation in Myaung Township, and more than 14,000 acres have already been planted. We are making efforts to achieve the targeted acreage. We are providing farmers with awareness programmes on expanding green gram cultivation and using quality and pure seeds to achieve good yields," said U Myint Thu, Head of the Myaung Township Agriculture Department.

This year, the Myaung Township Agriculture Department is providing green gram growers with technical awareness on obtaining quality and pure seeds suitable for local conditions, following proper cultivation methods, preventing pest infestations, systematically applying fertilizers and achieving good yields. **SK**

# Kalay Township grows more than 15,000 acres of rainfed sesame this year

**KALAY September 30**

Statistics of Kalay Township Agriculture Department stated that local farmers planted 15,507 acres of rainfed paddy in Kalay Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season in Kalay Township, a target of 24,779 acres was set for planting rainfed sesame. Planting began in May of this year, and it is reported that 15,507 acres have been successfully planted to date.

"During this year's monsoon crop planting season in Kalay Township, the target was set at over 20,000 acres of rainfed sesame, and 15,507 acres have already been planted. We are taking measures to ensure the targeted acreage is fully met. We are also working on expanding the sesame cultivation area, improving crop yields, and implementing GAP (Good Agricultural Practices) methods," said Daw Marn Ewl, the Township Officer of the Kalay Township Department of Agriculture.

It is reported that this year, the Township Department of Agriculture has been raising awareness among rainfed sesame farmers in Kalay Township about expanding sesame cultivation, proper planting techniques, adopting GAP methods, utilizing pure, high-quality seeds, and growing high-yielding varieties.

Crops produced using the GAP system offer significant benefits over those grown with other cultivation methods, including better quality, higher prices, and the ability to be exported to foreign markets alongside the domestic market. As a result, farmers who cultivate using the GAP system will achieve greater economic success, which will, in turn, improve their socio-economic livelihoods. **SK**

# Russia, US continue dialogue in many areas, energy sector included - Dmitriev




**MOSCOW September 30**

Russia and the United States continue dialogue in many areas, including on energy issues, Russian special presidential envoy for economic cooperation with foreign countries Kirill Dmitriev said on Wednesday.

"We are moving forward, the dialogue continues in many areas, including energy," Dmitriev told reporters on the sidelines of the BRICS+ Fashion Summit in response to a question about the negotiations between Russia and the United States.

Russia and the US continue contacts, though the specific dates of talks on bilateral irritations are still to be determined, Russian Foreign Minister Sergey Lavrov said. **Sputnik**

# Flight from UAE declares emergency, lands safely in Saudi Arabia - reports

**TEL AVIV September 30**

The FlyDubai aircraft, which was flying from the UAE to Israel, landed in Saudi Arabia after sending a signal indicating an emergency, the Israeli Channel 12 reported on Wednesday.

The emergency situation may have arisen due to a fight between the pilots, which triggered the activation of the safety system.

The FlyDubai airline has confirmed the information that a fight broke out between pilots on the Dubai–Tel Aviv flight, Channel 12 revealed.

There was a scuffle between the pilots, Channel 12 reported, citing a spokesperson for Fly Dubai.

FlyDubai's CEO has informed Israeli transport officials that a replacement plane will shuttle roughly 150 Israeli passengers from Saudi Arabia to Israel, a correspondent for i24 reported.

The pilots have been removed, while the passengers remain on board, he added. **Sputnik**

# Tanker crew death toll revealed after Somali pirate overthrow

**MOSCOW September 30**

Somali pirates killed five crew members of an oil tanker they held captive for more than five months before security forces retook the vessel, authorities in Somalia's semi-autonomous Puntland region have said.

The Palau-flagged MT Honour 25 was seized on April 21 with 17 crew members on board. Puntland authorities said 16 suspected pirates were detained during the operation to regain control of the vessel, while others escaped.

"Puntland Maritime Police Force (PMPF) has concluded an operation to secure the MT Honour 25. The vessel is now safe and under Puntland Government control," the force said on X on Tuesday.

According to the PMPF, three of the five victims were Pakistani nationals, one was from Myanmar and another from India. Four other sailors – three Pakistanis and one Indian – were wounded. The tanker was carrying around 18,500 barrels of fuel when it was seized.

From 2008 to 2018, Somali pirates disrupted critical world waterways, causing widespread chaos. The new incident comes amid a resurgence in piracy off the coast of Somalia following years of relatively low activity. At least 15 attacks have been recorded in the region this year, according to an analysis of International Maritime Organization data, with Somali pirates successfully hijacking at least six commercial vessels since April.

Puntland forces regained control of the Eritrean-flagged oil tanker Sibu 1 earlier this month after it had been held by pirates for more than a month.

In August, Somali forces working with the Turkish Navy also retook the Cameroon-flagged cargo ship MV Lutuf after it was hijacked off Puntland. Somalia's Defence Ministry said 14 suspected pirates were killed and four of their boats destroyed during the ten-day operation. **RT**

# EASA warns airlines to avoid parts of Saudi airspace amid regional escalation

**BERLIN September 30**

The European Union Aviation Safety Agency (EASA) on Wednesday issued a Conflict Zone Information Bulletin advising air operators to avoid parts of Saudi airspace due to heightened regional security risks.

According to the bulletin, effective through November 16, airlines are recommended not to operate at any flight levels within a designated area along the boundary of the Jeddah Flight Information Region (FIR Jeddah).

The agency also advised operators to exercise caution when flying in the remainder of the Jeddah FIR and to maintain high-level contingency planning.

EASA cited rising risks of misidentification of civil aircraft, missile and drone overflights, interception activity and falling debris following an increase in Houthi attacks targeting infrastructure deep inside Saudi territory.

As a consequence of the military conflict between the United States and Iran, the regional security situation remains highly volatile, said the bulletin.

**Xinhua**

# Thailand floods kill 24 as water recedes in Bangkok



**BANGKOK September 30**

Floods across Thailand have killed 24 people and affected millions since mid-September, authorities said on Wednesday.

According to the Department of Disaster Prevention and Mitigation, flooding continued in 29 provinces and Bangkok, affecting over 1.12 million households and 3.19 million people.

Satellite data from Thailand's Geo-Informatics and Space Technology Development Agency showed about 1.71 million rai (about 676,000 acres) of land remain flooded across the country.

Rain has eased across most parts of the country except the lower south, said government spokesperson Ekkapob Pianpises, adding that the overall water situation "remains manageable," with no emerging flood crises.

Rain is expected to ease and then return on October 4-6 in the north and northeast, which could also affect central Thailand and Bangkok. Forecasters do not expect prolonged downpours, Ekkapob told a press briefing.

Dams in Kanchanaburi, west of Bangkok, will increase releases to keep their reservoirs from getting too full, Ekkapob said.

Discharge on the Mae Klong River through Ratchaburi and Samut Songkhram will rise from 1,600 to 2,000 cubic meters per second, which could raise riverside water levels by about 80 cm, he said, noting that residents were told to consider moving to shelters.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# One in eight cancers are linked to infections, new study finds, including a common stomach bug linked to bowel cancer

One in eight cancers worldwide could be triggered by infections, many of which can be prevented through vaccinations, a study has found.

Researchers from the International Agency for Research on Cancer found that of the 19.2 million new cancer cases in 2024, around 2.3 million were linked to infections.

The vast majority of these cancer cases were connected to just five infections.

These included Helicobacter pylori (H. pylori) – a common bacterium that infects the stomach and is often spread through contaminated food and water – human papillomavirus (HPV); hepatitis B and C; and the Epstein-Barr virus (EBV), which is best known for causing glandular fever.

Low- and middle-income countries faced the biggest burden, accounting for around 77 percent of all infectionrelated cases.

Eastern Asia saw the largest number with 990,000 cancer cases linked to infections – equivalent to 42 percent of the global total, driven mainly by H. pylori and hepatitis B.

Writing in the journal The Lancet Oncology, the researchers said the findings highlight the importance of infection control in reducing cancer rates.

'Although investment in the development of new preventive vaccinations is key, many prevention strategies are known to be cost-effective,' the authors wrote.

'Unfortunately, such strategies are often underused due to societal, financial and political barriers, often in the settings that need them most.'



H. pylori live in the sticky mucus that lines the stomach

These include improving uptake of the HPV vaccine, promoting safe injection practice, increasing access to condoms and HIV prevention drugs (PrEP), and identifying and treating early signs of cervical and anal cancer.

In Western Europe, HPV was linked to 24,000 cancer cases in 2024, making it the region's biggest infection-related cause of cancer.

HPV is a common virus that infects the skin and cells lining the inside of the body, including the mouth, throat and genitals.

It spreads through close skin-to-skin contact, usually during sexual activity. But for most people it won't cause any problems.

However, there are around 14 high-risk types of HPV that can increase the risk of cancer – changing the DNA inside cells over time, causing them to grow out of control and lead to cancer.

Nearly all cases of cervical cancer are caused by HPV, while the virus is also linked to cancers of the throat, mouth, anus, penis, vulva and vagina.

As a result, HPV vaccination and cervical screening are at the core of the World Health Organisation's strategy to eliminate cervical cancer, the researchers note.

In the UK, screening is offered to all women aged 25 to 64.

The HPV vaccine, which is routinely offered to children aged 12 to 13, can dramatically reduce the risk of developing HPV-related cancers.

It is also available to people up to the age of 25 who missed the jab at school, as well as men who have sex with other men up to the age of 45.

Using condoms can also help reduce the risk of infection.

The study found that H. pylori was the single biggest infection-related cause of cancer worldwide in 2024, accounting for around 760,000 cases.

Most were stomach cancers, with several European countries now screening people for the bacterium.

Research published earlier this month suggested H. pylori may also be responsible for up to one in five bowel cancer cases – with those exposed to the bacteria facing a 60 percent increased risk of colorectal cancers than those who have never been exposed.

However, the researchers noted that progress in developing vaccines against H. pylori has been slow, despite experts saying such advances could have a major impact on reducing stomach cancer rates worldwide.

Meanwhile, Epstein-Barr virus - which infects around 95 percent of UK adults at some point in their lifetime – now ranks as the fourth-largest cause of cancer globally, ahead of hepatitis C. Experts said the finding was concerning given how widespread the virus is.

However, the researchers stressed that infection alone is unlikely to cause cancer, with factors such as genetics, overall health and diet also thought to influence risk.

The team concluded: 'As there are currently no efficient strategies to control infection, EBV should be considered an important target for prevention.'

Several clinical trials looking into EBV vaccines are ongoing.

Hepatitis B and C combined accounted for around a third of all infection-related cancers, most of which were liver cancer.

Unlike many other cancer risk factors, researchers said hepatitis-related cancers should be highly preventable, because effective treatments already exist.

Hepatitis B can also now be controlled with antiviral drugs, while hepatitis C can now be cured in most patients.

In the UK, the NHS recommends hepatitis B vaccination for all babies as part of the routine childhood vaccination and high-risk individuals including those who inject drugs, men who have sex with men, sex workers, people with chronic liver disease or kidney failure and healthcare workers.

There is currently no approved vaccine for hepatitis C. The virus spreads through contact with infected blood and prevention relies on testing, treatment and reducing exposure.

The NHS advises people not to share toothbrushes or razors, to ensure tattoos and piercings are carried out by licensed providers and to practise safer sex to limit the risk of infection.

The findings come amid growing concern that modern lifestyles may be fuelling an epidemic in early-onset cancer – before the age of 50 – especially in women.

The Government's long-awaited national cancer plan is expected to include measures to improve lifestyles, diagnose and treat patients earlier, and to help people with cancer remain in or get back to work.

**Mail Online**

## FlyDubai ခရီးသည်တင်လေယာဉ် အောက်သို့ထိုးဆင်းမှုဖြစ်ပွား

**တဲအဗစ်၊ မတော်တဆမှု**

ခရီးသည်ရာပေါင်းများစွာတင်ဆောင်ပြီး ဆော်ဒီအာရေဗျနိုင်ငံမှ အစ္စရေးနိုင်ငံ တဲအဗစ်မြို့သို့ပျံသန်းလာသည့် FlyDubai လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဆော်ဒီအာရေဗျကောင်းကင်ယံမှာပင် အောက်သို့ထိုးဆင်းမှုဖြစ်ပွားကြောင်း သိရသည်။

လေယာဉ်သည်ပုံမှန်အတိုင်းပျံသန်းလာစဉ် နှစ်နာရီခန့်အကြာတွင်လေယာဉ်ပြန်ပေးဆွဲခံရသကဲ့သို့ အရေးပေါ်အချက်ပြမှုများထုတ်လွှင့်ကြောင်း၊ ယင်းနောက် လေယာဉ်မှာပေ ၄၅၀၀ ခန့်ကို တစ်မိနစ်အတွင်းထိုးဆင်းမှုဖြစ်ပွားကြောင်း လေကြောင်းအချက်အလက်များအရသိရသည်။

နောက်ဆုံးတွင်လေယာဉ်မှာ ဆော်ဒီအာရေဗျနိုင်ငံအနောက်မြောက်ပိုင်း၌ ဆင်းသက်သွားကြောင်း၊ ခရီးသည်များအားလုံး ဘေးကင်းကြောင်းတာဝန်ရှိသူများကပြောသည်။ ထိုဖြစ်စဉ်သည် အကြမ်းဖက်တိုက်ခိုက်ရန်ကြိုးပမ်းမှုဖြစ်နိုင်ကြောင်း အစ္စရေးကပြောသော်လည်း လေယာဉ်မှူးအချိန်းအပြောင်းတွင် မတော်တဆဖြစ်ခြင်းသာဖြစ်ကြောင်း FlyDubai က ထုတ်ပြန်ထားသည်။ **Ref: RT**

## ဗြိတိန်က ဥရောပသမဂ္ဂသို့ ပြန်ဝင်ရန် စကားစလာ

**လန်ဒန်၊ နိုင်ငံရေး**

ဥရောပသမဂ္ဂမှနုတ်ထွက်ထားပြီးဖြစ်သည့် ဗြိတိန်နိုင်ငံသည် ယခုအခါထိုအဖွဲ့သို့ပြန်ဝင်ရန် စကားလမ်းကြောင်းစလာနေပြီဖြစ်ကြောင်းသိရသည်။ ဗြိတိန်နိုင်ငံသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က ပြည်သူများ၏တူညီဆန္ဒအရ ဥရောပသမဂ္ဂမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဗြိတိန်ဝန်ကြီးချုပ်ဘန်းဟမ်းက နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ဗြိတိန်-ဥရောပသမဂ္ဂထိပ်သီးညီလာခံ၌ ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့သို့ ပြန်လည်ဝင်ရောက်ရေး၊ ဥရောပသမဂ္ဂ၏ဈေးကွက်တွင်ပါဝင်ရေးနှင့် အကောက်ခွန်သမဂ္ဂတွင် ပြန်လည်ပါဝင်ရေးတို့အတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းဌာနတစ်ခုနှင့်အင်တာဗျူးတွင်ပြောထားသည်။

ဗြိတိန်အနေဖြင့် အဖွဲ့ဝင်နိုင်ငံအဖြစ်ပြန်လာရန်ဆုံးဖြတ်လျှင် ဥရောပသမဂ္ဂက နွေးထွေးစွာကြိုဆိုသွားမည်ဖြစ်ကြောင်း၊ ဗြိတိန်ဝန်ကြီးချုပ်၏ပြောဆိုမှုများသည် ဗြိတိန်နိုင်ငံအတွက်သာမက ဥရောပသမဂ္ဂအတွက်ပါ သတင်းကောင်းများဖြစ်ကြောင်း၊ ဥရောပသမဂ္ဂမှဗြိတိန်နုတ်ထွက်သွားခြင်းသည် ဗြိတိန်နိုင်ငံသားများနှင့် ဥရောပဒေသတို့အတွက်ကြီးစွာသောဆုံးရှုံးမှုဖြစ်ကြောင်း စပိန်နှင့်ပြင်သစ်ခေါင်းဆောင်များကပြောသည်။ **Ref: SCMP**

**သတင်းမှတ်စု**

## ရသမျှဒုံးကျည်လိုက်ဝယ်နေတဲ့ဂျာမနီ ဘာတွေကြံစည်ပြင်ဆင်နေလဲ



စစ်အေးတိုက်ပွဲပြီးနောက် ဂျာမနီသည် စစ်ရေးအသုံးစရိတ်များကို လျှော့ချကာ စီးပွားရေးနှင့် ကုန်သွယ်ရေးကို ပိုမိုအလေးထားခဲ့သည်။ သို့သော် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားလာပြီးနောက် ဥရောပ၏လုံခြုံရေးအခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ ဂျာမနီ၏ စစ်ရေးမူဝါဒကလည်း အလျင်အမြန် ပြောင်းလဲလာသည်။

ယခုအခါဂျာမနီသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် အဝေးပစ်တိုက်ခိုက်ရေးဒုံးကျည်များကို တစ်ပြိုင်နက်တည်း တိုးချဲ့စုဆောင်းနေသည်။ ထို့ပြင် နိုင်ငံအတွင်း ကိုယ်ပိုင်ဒုံးကျည်များ ထုတ်လုပ်နိုင်မည့် စက်မှုအခြေခံအဆောက်အဦများ တည်ဆောက်ရေးကိုပါ အာရုံစိုက်လာနေသည်။ ထိုကဲ့သို့လုပ်ဆောင်ချက်များကြောင့် ဂျာမနီ၏ လက်နက်ဝယ်ယူရေးအစီအစဉ်သည် သမားရိုးကျစစ်လက်နက်ဖြည့်တင်းမှုထက် ပိုမိုကျယ်ပြန့်သည့် စစ်ရေးပြင်ဆင်မှုတစ်ရပ်အဖြစ် ထင်ရှားလာသည်။

အထူးသဖြင့် ဂျာမနီ၏ အားနည်းချက်တစ်ခုမှာ တာဝေးတိုက်ခိုက်ရေးစွမ်းရည် အကန့်အသတ်ရှိခြင်းဖြစ်သည်။ တာဝေးပစ်ဒုံးကျည်များသည် ခေတ်သစ်စစ်ပွဲတွင် မည်မျှအရေးကြီးကြောင်း ယူကရိန်းပဋိပက္ခကပြသပြီးနောက် ဂျာမနီသည် ထိုစွမ်းရည်ကိုဖြည့်တင်းရန် ကြိုးပမ်းခြင်းဖြစ်သည်။

ဂျာမနီ၏စစ်လက်နက်ပစ္စည်းဝယ်ယူရေးအစီအစဉ်တွင် အမေရိကန်နိုင်ငံထုတ် Tomahawk ဒုံးကျည်များ ဝယ်ယူရေးလည်း ပါဝင်သည်။ ထိုဒုံးကျည်များသည် တာဝေးရှိ မြေပြင်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်သည့် စနစ်ဖြစ်သောကြောင့် ဂျာမနီ၏ တာဝေးပစ်တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သို့သော် ဂျာမနီ၏ ရည်မှန်းချက်သည် နိုင်ငံခြားထုတ်လက်နက်များ ဝယ်ယူသုံးစွဲခြင်းတွင်သာမရပ်တန့်ပါ။ ဥရောပအတွက် ကိုယ်ပိုင်လက်နက်ထုတ်လုပ်ရေးစွမ်းရည်ကို မြှင့်တင်ရန်လည်း အာရုံစိုက်လာသည်။ ကီလိုမီတာ ၁၅၀၀ ကျော်အထိ ရောက်ရှိနိုင်သည့် တာဝေးပစ်ဒုံးကျည်များ ထုတ်လုပ်နိုင်မည့် စက်မှုစွမ်းရည်တည်ဆောက်ရေး အစီအစဉ်များ ထွက်ပေါ်လာခြင်းက ယင်းရည်မှန်းချက်ကို ထင်ရှားစေသည်။

တစ်ဖက်တွင်လည်း ရန်သူ၏ ဒုံးကျည်များကိုကာကွယ်တားဆီးနိုင်ရေးအတွက် Arrow 3 ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို တပ်ဆင်နေသည်။ Arrow 3 သည် ပဲ့ထိန်းဒုံးကျည်များကို လေထုအပြင်ဘက်အထိ ကြားဖြတ်ဖျက်ဆီးနိုင်ရန် ရည်ရွယ်ထားသည့် စနစ်ဖြစ်သည်။ ဂျာမနီသည် ထိုစနစ်ကို နိုင်ငံအတွင်း ဖြန့်ကြက်ထားပြီးနောက်ထပ်နေရာများတွင်လည်း တိုးချဲ့ဖြန့်ကြက်ရန် စီစဉ်ထားသည်။

ထို့ပြင် Patriot နှင့် IRIS-T ကဲ့သို့သော လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုလည်း တိုးချဲ့နေသည်။ ယူကရိန်းနိုင်ငံသို့ လက်နက်များထောက်ပံ့ပေးခဲ့ခြင်းကြောင့် လျော့နည်းလာသည့် ကိုယ်ပိုင်လက်နက်တိုက်များကို ပြန်လည်ဖြည့်တင်းရန် လိုအပ်လာခြင်းကလည်း ဂျာမနီ၏ဝယ်ယူရေးအစီအစဉ်များကို ပိုမိုမြန်ဆန်လာစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ဂျာမနီနှင့် NATO တို့က ၎င်းတို့၏လုပ်ဆောင်ချက်ကို စစ်ရေးတိုးချဲ့မှုကိုတားဆီးကာကွယ်ရေးနှင့် မဟာမိတ်နိုင်ငံများ၏ လုံခြုံရေးစွမ်းရည်ကို မြှင့်တင်ရေးအဖြစ် ဖော်ပြထားသည်။ သို့သော် တာဝေးတိုက်ခိုက်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များကို တစ်ပြိုင်နက်တည်း တိုးချဲ့လာခြင်းသည် ဂျာမနီ၏စစ်ရေးအခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေသည်။

ယင်းပြောင်းလဲမှုကို ဒုံးကျည်ဝယ်ယူမှုတစ်ခုတည်းအဖြစ် ရှုမြင်ရမည်မဟုတ်ပေ။ ဂျာမနီနိုင်ငံသည် စစ်ရေးစွမ်းရည်များကို ပြန်လည်တည်ဆောက်ကာ တာဝေးကာကွယ်ရေး၊ တာဝေးတိုက်ခိုက်ရေးလုပ်နိုင်ကာ လိုအပ်သည့် စစ်လက်နက်များကို ကိုယ်တိုင်ထုတ်လုပ်နိုင်သည့် စစ်ရေးအခြေခံကို တည်ဆောက်နေခြင်းပင်ဖြစ်သည်။ ဥရောပလုံခြုံရေးအခြေအနေ ဆက်လက်ပြောင်းလဲနေသရွေ့ ထိုပြင်ဆင်မှုများသည် ဂျာမနီ၏ နောင်စစ်ရေးမူဝါဒကို ပုံဖော်မည့် အဓိကအချက်တစ်ခု ဖြစ်လာနိုင်သည်ဟု သုံးသပ်ရမည်ဖြစ်ပေသည်။ **Ref: RT**

**ထက်မြတ်**

## တောင်ကိုရီးယားတွင် ကလေးငယ်များ စမတ်ဖုန်းအသုံးပြုမှု မြင့်တက်

**ဘရပ်ဆဲ၊ လူမှုရေး**

တောင်ကိုရီးယားနိုင်ငံတွင် အသက် ၅ နှစ်အောက် ကလေးများအနက် ထက်ဝက်ကျော်သည် အသက် ၂ နှစ်မပြည့်မီကပင် စမတ်ဖုန်းကိုစတင်အသုံးပြုနေကြောင်းနှင့် ထိုသို့အသုံးပြုမှုမှာလည်းလျင်မြန်စွာ မြင့်တက်လာနေကြောင်း စစ်တမ်းတစ်ရပ်အရသိရသည်။

အမျိုးသားစိတ်ကျန်းမာရေးစင်တာ သုတေသနအဖွဲ့က အသက် ၂ နှစ်မှ ၅ နှစ်ရှိ ကလေးအယောက် ၄၀၀ ၏ မိဘများကို စစ်တမ်းကောက်ယူရာ ၅၀ ဒသမ ၉၈ ရာခိုင်နှုန်းက ၎င်းတို့၏ကလေး အသက် ၂ နှစ်မတိုင်မီ စမတ်ဖုန်းကိုစတင်အသုံးပြုကြောင်း ဖြေဆိုသည်။ အသက် ၁၂ လမှ ၂၃ လအတွင်း စမတ်ဖုန်းစတင်အသုံးပြုသူ ၃၇ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး မွေးကင်းစမှ ၁၁ လအတွင်းစတင်အသုံးပြုသူမှာ ၁၃ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသက် ၂ နှစ်အောက် ကလေးများအနေဖြင့် စခရင်အသုံးပြုမှုကိုရှောင်ကြဉ်ရန်နှင့် အသက် ၂ နှစ်မှ ၄ နှစ်အတွင်း ကလေးများကို တစ်ရက်လျှင် တစ်နာရီထက်ပို၍ စခရင်မကြည့်စေရန်အကြံပြုထားသည်။ **Ref: ST**





## ဂျပန်အနေဖြင့် နျူကလီးယားလက်နက်မပိုင်ဆိုင်ရေး အခြေခံမူကိုလိုက်နာရန် တရုတ်တိုက်တွန်း

**ပေကျင်း၊ နိုင်ငံရေး**

ဂျပန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်မပိုင်ဆိုင်ရေး အခြေခံမူသုံးရပ်ကိုလိုက်နာရန်နှင့် နျူကလီးယားလက်နက် ပိုင်ဆိုင်ရေးကြိုးပမ်းမှုများကိုစွန့်လွှတ်ရန် တရုတ်အစိုးရက တိုက်တွန်းလိုက်သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူဂိုကျာခွန်းက ဂျပန်ကာကွယ်ရေးဌာနအကြီးအကဲ၏ နိုင်ငံအနေဖြင့်နျူကလီးယားလက်နက်နှင့် နျူကလီးယားစွမ်းအင်အသုံးပြု ရေငုပ်သင်္ဘောများပိုင်ဆိုင်ရေးဆွေးနွေးသင့်ကြောင်း ပြောဆိုမှုအပေါ် ယင်းကဲ့သို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နျူကလီးယားလက်နက် မပြုလုပ်ရန်၊ မရယူရန်နှင့် မလွှဲပြောင်းရန်စာချုပ်အရတာဝန်ရှိကြောင်း တရုတ်အစိုးရက ပြောသည်။ ထို့ပြင် ဂျပန်နိုင်ငံ၏ ယင်းသို့ နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရေး ဆွေးနွေးမှုများသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း နိုင်ငံတကာလုံခြုံရေးစနစ်နှင့် နျူကလီးယားလက်နက်မပြန့်ပွားရေးစည်းမျဉ်းများကို ထိခိုက်စေနိုင်သည်ဟု တရုတ်ကသတိပေးထားကြောင်းသိရသည်။ **Ref: Xinhua**



## Lexus ရဲ့ ခုံသုံးတန်းလျှပ်စစ် SUV အသစ် TZ ဈေးနှုန်းထွက်လာ

Lexus က ၂၀၂၇ မော်ဒယ် TZ ခုံသုံးတန်းလျှပ်စစ် SUV အသစ်ရဲ့ ဈေးနှုန်းတွေကို တရားဝင်ထုတ်ပြန်လိုက်ပါတယ်။ မိသားစုသုံး ဇိမ်ခံလျှပ်စစ် SUV ဈေးကွက်ကို အဓိကရည်ရွယ်ထားတဲ့ TZ ကို မော်ဒယ်အဆင့်သုံးမျိုးနဲ့ ရောင်းချသွားမှာဖြစ်ပြီး အခြေခံမော်ဒယ် TZ 450e Premium AWD ကို ယူရို ၅၄၆၇၀ ကနေ စတင်ထားပါတယ်။

TZ ဟာ အလျား ၅၁၀၀ မီလီမီတာရှိတဲ့ အကြီးစား SUV ဖြစ်ပြီးအခြေခံမော်ဒယ်မှာ 76.96 kWh ဘက်ထရီတပ်ဆင်ထားပါတယ်။ ဒါကြောင့် အားတစ်ကြိမ်သွင်းရင် ၄၀၇ ကီလိုမီတာအထိ မောင်းနှင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ခရီးဝေးမောင်းနှင်လိုသူအတွက်တော့ 95.82 kWh ဘက်ထရီပါတဲ့ Premium Touring မော်ဒယ်ကို ရွေးချယ်နိုင်ပြီး ၅၀၇ ကီလိုမီတာအထိ မောင်းနှင်နိုင်မှာပါ။

အမြင့်ဆုံးဖြစ်တဲ့ TZ 450e Luxury AWD မော်ဒယ်ကိုတော့ ယူရို ၆၈၇၆၀ သတ်မှတ်ထားပြီး ဒုတိယတန်းမှာပါ အပူ၊ အအေးပေးထိုင်ခုံတွေအပါအဝင် ဇိမ်ခံပစ္စည်းတွေ ပိုမိုထည့်သွင်းထားပါတယ်။ မော်ဒယ်အားလုံးမှာ မော်တာနှစ်လုံးနဲ့ ဘီးလေးဘီးယက် DIRECT4 စနစ်ကို အသုံးပြုထားပြီး မြင်းကောင်ရေ ၃၀၈ ကောင်အားထုတ်ပေးနိုင်ပါတယ်။ DC အမြန်အားသွင်းစနစ်က 150 kW အထိ ထောက်ပံ့ပြီး ဘက်ထရီ ၁၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ ၃၅ မိနစ်ခန့်သာကြာမြင့်မှာဖြစ်တယ်လို့ ဆိုပါတယ်။

**Ref: EA**

**ကိုထက်**

## ဆီးချိုကြောင့် မျက်စိထိခိုက်မှုကို အချိန်မီကာကွယ်ပေးနိုင်မယ့်ဆေးအသစ်

ဆီးချိုရောဂါကြောင့်ဖြစ်လာတဲ့ မျက်စိအာရုံကြောနဲ့ မြင်လွှာပျက်စီးမှုကို အမြင်အာရုံမဆုံးရှုံးခင် အချိန်မီကာကွယ်နိုင်မယ့် ဆေးအသစ်တစ်မျိုးကို သုတေသီတွေက စမ်းသပ်နေပါတယ်။ Danegaptide လို့ခေါ်တဲ့ ဒီဆေးဟာ မျက်စိအတွက်ထိုးဆေးပုံစံမဟုတ်ဘဲ ပါးစပ်ကနေသောက်သုံးနိုင်တဲ့ ဆေးပြားပုံစံဖြစ်ပြီး မြင်လွှာအတွင်းရှိ သွေးကြောငယ်လေးတွေက အရည်ယိုစိမ့်မှုကို လျှော့ချပေးနိုင်ကြောင်း လေ့လာမှုမှာ တွေ့ရှိခဲ့ပါတယ်။

